# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ပြာသိုလကွယ်၊ တနင်္လာနေ့၊ (8-2-2016) (၈၄၇၀)


## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# တစ်ချိန်တုန်းက တက္ကသိုလ်ကြီး၏ ပုံရိပ်များဆီသို့ . . .

သတင်းဆောင်းပါး

မင်းသစ်၊ သီသီမင်း

ရန်ကုန်တက္ကသိုလ်ကြီး၏ ပုံရိပ်သည် သက်တမ်းအားဖြင့် ရာပြည့်ကို တဖြည်းဖြည်းချဉ်းကပ်လာနေပြီဖြစ်သော်လည်း ပြောင်းလဲသွားခြင်းမရှိသေး။ တက္ကသိုလ်မြေ နေဝင်မှာကို စိုးရိမ်ခဲ့ကြရာမှ ယခုဆိုလျှင် တက္ကသိုလ်နယ်မြေသည် အတိတ်က အချိန်အခါကဲ့သို့ပင် ရောင်နီသမ်းစပြုလာပြီ မဟုတ်လား။ ခေတ်အဆက်ဆက်၊ သမိုင်းအဆက်ဆက် လောကဓံကို ကြုံကြုံခံကျော်ဖြတ်ခဲ့သော အမိတက္ကသိုလ်ကြီးသည် သစ်ပုပ်ပင်၊ အဓိပတိလမ်းနှင့် ဘွဲ့နှင်းသဘင်ခန်းမကြီးတို့နှင့်အတူ တစ်ချိန်က အထင်ကရဖြစ်ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီး၏ပုံရိပ်ကို ဆက်လက်ပုံဖော်နေဆဲဖြစ်သောကြောင့်ပင် ...။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖



ရန်ကုန်တက္ကသိုလ်၏ ပုံရိပ်တစ်ခုဖြစ်သည့် ဘွဲ့နှင်းသဘင်ခန်းမကြီးနှင့် ဘွဲ့ယူကျောင်းသား ကျောင်းသူများကို ဝေဟင်မှ တွေ့ရစဉ်။ (ဓာတ်ပုံ-စောသိန်းဝင်း)

## မွန်အမျိုးသားနေ့ အခမ်းအနား (ရန်ကုန်) ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပမည်

စာမျက်နှာ - ၅

## စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုများကြောင့် ရွာထပ်မံပြောင်းရွှေ့ရမည်ကို ဒေသခံများစိုးရိမ်

စာမျက်နှာ - ၁၁

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

## ငြိမ်းချမ်းရေးနှင့်အတူ ပွင့်လန်းလာသည့် ကရင်ပြည်နယ်

ဆောင်းပါး စာမျက်နှာ - ၆


BBB

ဘိသုံးလုံး စားသောက်ဆိုင် (sic: ဘိသုံးလုံး ကားရောင်းစင်တာ)

38+40 ကမ္ဘာအေးဘုရားလမ်း

(နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။

Phone: 09-7320-7777

ကြေးမုံစာတည်းရှုထောင့် ၈-၂-၂၀၁၆၊ တနင်္လာနေ့

# ပြည်သူ၏အဓိကအစားအစာ

မြန်မာနိုင်ငံပြည်သူများ စားသုံးနေသော အစားအစာများတွင် အရေးအကြီးဆုံးအစားအစာမှာ ဆန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံအတွင်း မည်သည့်အခြေအနေ ဖြစ်ခဲ့ဖြစ်ခဲ့၊ လူတစ်ဦးတစ်ယောက် မည်သည့်ဘဝသို့ ရောက်ခဲ့ရောက်ခဲ့ စားစရာဆန်ရှိလျှင် လတ်တလော ဝမ်းရေးပြဿနာအတွက် ကိစ္စပြီးနိုင်သည်။

ဘဝတစ်ခု၊ မိသားစုတစ်ခု နေ့စဉ်ရှင်သန်ရပ်တည်နိုင်ရန် အာဟာရမှီဝဲရာ၌ အလွယ်ကူဆုံးအစားအစာမှာ ဆန်ဖြစ်သည်။ ဆန်သည် မြန်မာများ နေ့စဉ်မှီဝဲသော ရိုးရာအစားအစာဖြစ်သည်။ နိုင်ငံသားအားလုံး ဆန်ကိုသာ အဓိကအစာအဖြစ် နေ့စဉ်စားသုံးကြသည်။ နေ့စဉ် ထမင်းမစားဘဲ ခေါက်ဆွဲစားသည့်သူ မြန်မာနိုင်ငံတွင် ရှားမည်။ ထို့ကြောင့် ဆန်ရှိလျှင် ကိစ္စအားလုံးပြီးနိုင်သည်ဟု ဆိုနိုင်သည်။

ဆန်သည် မြန်မာနိုင်ငံတွင် အစားအစာအတွက်သာမက စီးပွားရေးအတွက်လည်း အရေးပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ရာ အဓိကစိုက်ပျိုးသောသီးနှံမှာ ဆန်ဖြစ်သည်။ မြန်မာနိုင်ငံမှဆန်သည် ပြည်တွင်စားသုံးမှု လောက်ငဖူလုံရုံသာမက ပြည်ပသို့လည်း နှစ်စဉ်တင်ပို့နိုင်သည်။ ဆန်တင်ပို့မှုတွင် လွတ်လပ်ရေးမရမီက ပြည်ပပို့ကုန်အားလုံး၏ ကိုးပုံလေးပုံမှာ ဆန်နှင့်ဆန်ထွက်ပစ္စည်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ငါးပုံလေးပုံ တင်ပို့နိုင်သည်။ ယခုအခါ ငါးပုံ နှစ်ပုံတင်ပို့နိုင်သည်။

ဆန်ဈေးတက်ခြင်း၊ ကျခြင်းသည် ပြည်ပပို့ကုန်နှင့်သက်ဆိုင်သလို ဆန်ပေါများခြင်း၊ ရှားပါးခြင်းသည် ရာသီဥတုနှင့်စိုက်ပျိုးနိုင်သော ရေ၊ မြေတို့နှင့် သက်ဆိုင်သည်။ ဆန်ဈေးတက်သည်ဖြစ်စေ၊ ရှားသည်ဖြစ်စေ ပြည်သူများ နေ့စဉ် ထမင်းနပ်မှန်အောင် ဝယ်ယူစားသောက်နိုင်ရန် အရေးကြီးသည်။ မြန်မာ့သမိုင်းတွင် တစ်ချိန်သောအခါက ဆန်ရှားပါးမှုကို အကြောင်းပြု၍ တိုင်းပြည်အတွက် ထိခိုက်မှုများနှင့် ကြုံတွေ့ရသည်။ ထိုသို့ ကြုံရသည်မှာ ထိုကာလက ပြည်သူတစ်ဦး၏ နေ့စဉ်ဝင်ငွေ၏ သုံးပုံနှစ်ပုံမှာ တစ်နေ့စားသုံးရန် ဆန်တစ်ပြည်ဖိုးအထိ မြင့်ခဲ့သောကြောင့်ဖြစ်သည်။

မျက်မှောက်ကာလအတွက် သတိပြုရန်အချက်မှာ အယ်လ်နီညိုရာသီဥတုဖြစ်သည်။ ရာသီဥတုပူပြင်းပြီး မိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့ရပါက စပါးအထွက်လျော့နည်းကာ ဆန်အခက်အခဲရှိနိုင်သည်။ ထိုအချက်အတွက် စားနပ်ရိက္ခာကို ကြိုတွက်ထားလျှင် စိတ်အေးရမည်။ တစ်ချိန်သောကာလက ဆန်စပါးရောင်းဝယ်ရေးကို နိုင်ငံတော်ကသာလုပ်ကိုင်ခွင့်ရှိသည်။ ဆန်ကို ကိုယ်တိုင်စီမံခန့်ခွဲသော်လည်း ပြဿနာအရပ်ရပ်နှင့်ကြုံတွေ့ခဲ့ရသည်တို့ကို သင်ခန်းစာယူရမည်ဖြစ်သည်။

ယခုအခါ ဈေးကွက်စီးပွားရေးစနစ်အရ ဆန်ကိုလွတ်လပ်စွာစိုက်ပျိုးရောင်းဝယ်ခွင့်၊ တင်ပို့ရောင်းချခွင့်များ ရလာခဲ့သည်။ အစိုးရက မထိန်းချုပ်တော့ဘဲ ပုဂ္ဂလိကမှလွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားရာတွင်လည်း အထက်ပါအချက်များမှာ သတိပြုသင့်သည့် အချက်များဖြစ်သည်။ တစ်ဖက်က စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရသလို တစ်ဖက်ကလည်း ပြည်သူပြည်သားများ စားသုံးမှုအဆင်ပြေရေးကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

ပြည်တွင်းစားသုံးမှုအတွက် ဆန်သိုလှောင်ရောင်းဝယ်မှုနှင့် အရန်ဆန်ထားရှိမှုသည် အရေးကြီးသည်။ ယခင်နှစ်များက နိုင်ငံတော်နှင့် ဆန်လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့တို့က အရန်ဆန်များထားရှိခဲ့သဖြင့် တိုင်းပြည်လူထုအတွက် စိတ်ပူစရာမလိုသော်လည်း ပြီးခဲ့သည့်နှစ်က သဘာဝဘေးဖြစ်စဉ်နှင့် နောင်ဖြစ်ပေါ်လာမည့် အယ်လ်နီညိုရာသီဥတု ဖြစ်နိုင်ခြေများကြောင့် အရန်ဆန်ကို ယခုနှစ်ရာသီအတွက် မဖြစ်မနေထားရှိသင့်သည်။

ပြည်ပပို့ကုန်ဈေးကွက်သို့ဝင်ရာတွင် ဈေးကွက်ကျယ်ပြန့်ရေးအတွက် စံနှုန်းမီအရည်အသွေးရှိရေးကိုလည်း ထိန်းသိမ်းထားသင့်သည်။ ဈေးကွက်တစ်ခုတည်းကိုသာ အားပြုလုပ်ကိုင်ပါက ဈေးကွက်လက်ဝါးကြီးအုပ်မှုနှင့်ကြုံရနိုင်ပြီး ထိုက်တန်သောဈေးနှုန်းကိုလည်း ရနိုင်မည်မဟုတ်ချေ။ ယခုအခါ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းတည်ရှိနေပြီး ယခုအခြေအနေအရပ်ရပ်တို့အတွက် ထိုအသင်းကြီးက ပိုမိုကျယ်ပြန့်နက်ရှိုင်းစွာ ဆောင်ရွက်ပေးနိုင်စေလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဆန်သည် မြန်မာတို့အတွက်အသက်ဖြစ်သည်။ ဆန်ရှိလျှင် ကိစ္စအဝဝပြီးနိုင်သဖြင့် ဆန်ရေစပါးပေါများကြွယ်ဝအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း အရှိန်အဟုန်မြင့်တိုးတက်လျက်ရှိပြီး ၂၀၁၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော ၂၆ စင်း ဝင်ရောက်ခဲ့




**နေပြည်တော် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်နည်းတူ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောများသည်လည်း ၂၀၁၅ ခုနှစ်တွင် ၂၆ စင်း ဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် တစ်စင်းဝင်ရောက်ခဲ့ကာ ဖေဖော်ဝါရီလတွင် ခုနစ်စင်း၊ မတ်လတွင် တစ်စင်း အဆက်မပြတ်ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ သွားရောက်ပြီး ဌာနမှ ခရီးသွားလုပ်ငန်းလိုင်စင် ရယူဆောင်ရွက်လျက်ရှိသော Diethelm Travel Ltd., Myanmar ၏ စီစဉ်မှုဖြင့် အိန္ဒိယနိုင်ငံ ပေါ့ဘလဲဆိပ်ကမ်းမှ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော MS Europa 2 မှ ကပ္ပတိန်နှင့်တကွ ခရီးသွား ဧည့်သည်များအား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းက ကြိုဆိုနှုတ်ဆက်ခဲ့သည်။

အဆိုပါ သင်္ဘောသည် အိန္ဒိယနိုင်ငံ ပေါ့ဘလဲဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိလာခြင်းဖြစ်ပြီး သင်္ဘောအမှုထမ်း ၃၆၆ ဦးနှင့် ဧည့်သည် ၄၁၉ ဦး ပါဝင်ကာ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်ကာလအတွင်း အချို့ဧည့်သည်များသည် ပုဂံဒေသသို့လည်းကောင်း၊ အချို့ခရီးသည်များမှာ ရန်ကုန်၊ ပဲခူးနှင့် သန်လျင်တစ်ဝိုက် ဒေသများသို့လည်းကောင်း သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။ ထို့နောက် ယင်းသင်္ဘောသည် ဖေဖော်ဝါရီ ၇ ရက်တွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ဆက်လက် ထွက်ခွာမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ဗိုလ်ချုပ်အောင်ဆန်း(၁၀၁)နှစ်ပြည့် အခမ်းအနား သိုက်မြိုက်စွာကျင်းပရေး ဆွေးနွေး

**တောင်ငူ ဖေဖော်ဝါရီ ၇**

အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံတွင် အမြင့်ဆုံး ၁၅ ပေရှိ ဗိုလ်ချုပ်ကြေးရုပ်အား ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ မြစည်းခုံ သာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျင်းပရေးကော်မတီနာယကများ ဖြစ်ကြသော ဒေါက်တာမာမာဝေ (ပါမောက္ခ-ငြိမ်း) နှင့် ဦးကျော်လှ(သမာဓိ)တို့က အမှာစကားပြောကြားကြပြီး ဥက္ကဋ္ဌ ဒေါက်တာဘဆွေက လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီ အသီးသီးတို့မှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို တင်ပြဆွေးနွေးကြပြီး အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် ကဗျာ၊ မိန့်ခွန်း၊ စာစီစာကုံး၊ ပန်းချီ၊ ရိုးရာအားကစားပြိုင်ပွဲ၊ စာပေဟောပြောပွဲ၊ တေးဂီတဖျော်ဖြေပွဲ၊ အငြိမ့်နှင့် သံချပ်များ ဝေဝေဆာဆာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**



## ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်

**ပဲခူး ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး ပညာရေးဌာနတို့ ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သီရိပညာခန်းမ၌ ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး တာဝန်ခံ သီဟသုဓမ္မသိင်္ဂီ ဒေါ်အိကေသွယ်မင်းက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း တည်ထောင်ရခြင်း အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့(ဂျပန်)က စာအုပ်၊ စာစောင်များကို ကျောင်းစာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကျပန်းစကားပြော၊ ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည်။ အသိပညာပေးဟောပြောပွဲများကို ပဲခူးမြို့ အထက(၁)၊ အထက(၃)၊ အထက(၆)တို့တွင် စာရေးဆရာ နွယ်ဂျာသိုင်းက "စာရေးသူ စာဖတ်သူတို့-၂၀၁၆" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ဝတ်ရည်ခင်(ပဲခူး)က "လူကောင်း လူတော်ဖြစ်စေဖို့ တို့တစ်တွေစာဖတ်စို့" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

**ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် တို့ကျေပွန်**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ ဒေါ်အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှံ့

# (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ကျောက်တိုင်ကွင်းခန်းမ၌ ကျင်းပသည့် (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်အဆင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၂)ပါး ဖြစ်သည့် လွိုင်လင်မြို့ သာသန ဝိပုလ္လဓာတ်တော်ကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပညာနန္ဒနှင့် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒ၊ ပြည်နယ်အဆင့်သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြသည့် အောက်စဖို့ဒ် တက္ကသိုလ်မှ ပါမောက္ခဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိနှင့် ဟိုပုံးမြို့ နောင်းတောင်းပရဟိတ တပ်ဦးဘုန်းတော်ကြီးပညာရေးသင်ကျောင်း ဆရာတော် ဘဒ္ဒန္တရာဇိန္ဒသီရိတို့အား ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ထပ်ဆင့်ဂုဏ်ထူးဆောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံမှ (၆၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးသို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က ပြည်နယ်ဝန်ကြီးချုပ်၏(၆၉)နှစ်မြောက်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကြသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိခဲ့ကြသူများအား ထပ်ဆင့်ဂုဏ်ပြုဆု ချီးမြှင့်ရာတွင် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု ပထမဆု ၊ အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု ရရှိကြသူများကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ် ဦးကွယ်ကွယ်က ဝန်ဆောင်မှုထူးချွန် အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု၊ စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဆု၊ စိုက်ပျိုးထုတ်လုပ်မှုထူးချွန် တောင်သူလယ်သမားဆု ရရှိသူများကိုလည်းကောင်း၊ ပြည်နယ်သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက မွေးမြူထုတ်လုပ်မှုထူးချွန်လူပုဂ္ဂိုလ်ဆု၊ အများပြည်သူများ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူ (ပုဂ္ဂိုလ်ရေးဆိုင်ရာဆုများ) ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရှမ်းပြည်နယ်အတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ၌ ထူးချွန်စွာဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြည်နယ်အဆင့် လူမှုထူးချွန်ပထမဆု ရရှိကြသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်နှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့ကိုယ်စား တာဝန်ရှိသူတစ်ဦးအားလည်းကောင်း၊ ပြည်နယ်အဆင့် လူမှုထူးချွန်တတိယဆုရရှိသည့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင် ကိုယ်စား တာဝန်ရှိသူတစ်ဦးအားလည်းကောင်း၊ လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်မှ တောင်တန်းလူငယ်လူမှုကူညီရေးအသင်းနှင့် ကျောက်မဲခရိုင် နောင်ချိုမြို့နယ်မှ စေတနာမွန် လူမှုကူညီရေးအသင်းတို့အားလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာမှတ်တမ်း ပြခန်းငယ်များအား လိုက်လံကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီး ၊ အဖွဲ့ဝင်များသည် တောင်ကြီးမြို့ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်သို့ ရောက်ရှိကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မင်္ဂလာမုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် မင်္ဂလာမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗုဒ္ဓတက္ကသိုလ် မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဆရာတော်၊ သံဃာတော်များနှင့်အတူ ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖြန်းပေးသည်။



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဌာနဆိုင်ရာမှတ်တမ်းပြခန်းငယ်များအား ကြည့်ရှုစဉ်။** (ပြည်နယ် ပြန်/ဆက်)

ထို့နောက် ရေစက်ချအောင်ပွဲမင်္ဂလာကိုကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်မြတ်တို့ ရွတ်ပွားတော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် အလှူရှင်များကိုယ်စား ဒုတိယသမ္မတနှင့် ဇနီးတို့က ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အောက်စဖို့ဒ် ဆရာတော် ပါမောက္ခ ဘဒ္ဒန္တဓမ္မသာမိထံ လက်ရောက် လှူဒါန်းကြသည်။

ဆက်လက်၍ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီး ၊ အဖွဲ့ဝင်များသည် တောင်ကြီးမြို့ အေးစေတီဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ဆရာတော် သံဃာတော်များအား သိက္ခာထပ်သိမ်ဆင်းလောင်းလှူ၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာသို့ ရောက်ရှိကြကာ မိုင်းဖုန်းဆရာတော် အရှင်ဘဒ္ဒန္တဉာဏသံဝရမထေရ် အမှူးပြုသည့် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တောင်ကြီးဟိုတယ်၌ တိုင်းရင်းသားရိုးရာ၊ စာပေ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက ယနေ့ကျရောက်သည့် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် ယခုကဲ့သို့ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံခွင့်ရ၍ ဝမ်းမြောက်ပါကြောင်း၊ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ အတူတကွ ပူးပေါင်းကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသူများအနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားတို့က အတူတကွပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အရည်အချင်းရှိပါက မည်သည့်နေရာတွင်မဆို တာဝန်ယူဆောင်ရွက်နိုင်ကြမည်ဖြစ်ရာ မိမိတို့ အရည်အချင်းကို စဉ်ဆက်မပြတ် မြင့်မားတိုးတက်လာစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားရိုးရာ စာပေယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ ခေတ်မီအဆင့်မြင့်ယာဉ်ရပ်နားစခန်း ဆောက်လုပ်ရေးစီမံကိန်း လုပ်ငန်းခွင် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက စီမံကိန်းဆိုင်ရာအချက်အလက်များ ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များဖြည့်ဆည်းမှာကြားပြီး စီမံကိန်းဧရိယာအတွင်းရှိ အဆောက်အအုံများ တည်ဆောက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် (၆၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## အင်ဂျင်နီယာနည်းပညာဘွဲ့လက်မှတ်များပေးအပ်

**မအူပင် ဖေဖော်ဝါရီ ၇**

နည်းပညာတက္ကသိုလ်(မအူပင်)၏ (၁၂)ကြိမ်မြောက်အင်ဂျင်နီယာဘွဲ့၊ အင်ဂျင်နီယာ နည်းပညာဘွဲ့ချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီကမအူပင်မြို့ အစိုးရနည်းပညာတက္ကသိုလ် (မအူပင်)ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

အဆိုပါဘွဲ့ချီးမြှင့်ခြင်းအခမ်းအနားတွင် နံနက် ၉ နာရီက အင်ဂျင်နီယာနည်းပညာဘွဲ့ ၂၄၇ ဦး၊ အဝေးရောက် ၂၉ ဦး၊ မွန်းလွဲ ၁ နာရီတွင် အင်ဂျင်နီယာဘွဲ့ ၁၁၆ ဦး၊ အဝေးရောက် ၃၁ ဦးကို နည်းပညာတက္ကသိုလ်(မအူပင်) ကျောင်းအုပ်ကြီး ဒေါက်တာအောင်ဇော်လတ်က အင်ဂျင်နီယာ၊ အင်ဂျင်နီယာနည်းပညာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

**မြင့်ဦး(မအူပင်)**

**○ ရဲတံခွန်မှ**

ရဲတံခွန်ကမ်းလွန် ထုတ်လုပ်ရေးစင်တွင် အော်ပရေတာအဖြစ် Petronas Carigarli Myanmar Limited (PCML) ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိပြီး သဘာဝဓာတ်ငွေ့များကို တူးဖော်ထုတ်လုပ်လျက်ရှိသည်။ အဆိုပါတွင်းတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားပြီး ဖြည့်စွက်တွင်းများကိုလည်း တူးဖော်လျက်ရှိသည်။ အဆိုပါတွင်းပေါ်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် (PCML) ကုမ္ပဏီတို့မှ ဝန်ထမ်းများပူးပေါင်း၍ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကမ်းလွန်လုပ်ငန်းခွင်နေရာများသို့ ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများ သွားရောက်ခဲ့ရာ (PCML) ကုမ္ပဏီမှ လုပ်ငန်းများ ပိုမိုမြန်ဆန်အကျိုးရှိစွာ ဆောင်ရွက်နိုင်မည့် အကြံပြုချက်များကို တင်ပြခဲ့ရာ ဝန်ကြီးဌာနမှ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိသည့် အစီအမံများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဝန်ထမ်းများအား သစ်သီးခြင်းလက်ဆောင်များပေးအပ်ပြီး သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှု၊ ပို့လွှတ်နေမှုနှင့် တွင်းသစ်များ တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် မြန်မာ-ထိုင်းနယ်စပ်အနီးတွင် နတ်အိမ်တောင်သဘာဝဓာတ်ငွေ့တိုင်းတာပို့လွှတ်ရေးစခန်းရှိပြီး နတ်အိမ်တောင်-ကန်ပေါက် ပိုက်လိုင်းလမ်းကြောင်းတွင် ပိုက်လိုင်းသွယ်တန်းထားရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အဆိုပါစခန်းနှင့် ပိုက်လိုင်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ရေဖြူမြို့နယ် ကန်ပေါက်ကျေးရွာအုပ်စု အုန်းပင်ကျေးရွာရှိ ပိုက်လိုင်းဗဟိုထိန်းချုပ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပိုက်လိုင်းရေရှည်တည်တံ့ရေး၊ လုံခြုံရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားအထောက်အကူပြုရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

နိုင်ငံတကာ

# မြေကမ္ဘာလေ့လာရေးဂြိုဟ်တုလွှတ်တင်မှု မြောက်ကိုရီးယားကို ဒေသတွင်းနိုင်ငံများဝေဖန်

**ပေကျင်း ဖေဖော်ဝါရီ ၇**

မြောက်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့နိုင်ငံများ၏ ကန့်ကွက်မှုများနှင့် စိုးရိမ်ပူပန်မှုများကို မသိကျိုးကျွံပြုလျက် မြေကမ္ဘာလေ့လာရေး ဂြိုဟ်တုကို ဖေဖော်ဝါရီ ၇ ရက်တွင် လွှတ်တင်လိုက်ကြောင်း၊ ပဲ့ထိန်းဒုံးကျည်နည်းပညာ စမ်းသပ်မှုပြုလုပ်နိုင်ရေးအတွက် ဂြိုဟ်တုလွှတ်တင်မှုကို အယောင်ဆောင်ပြုလုပ်ခြင်းဖြစ်သည်ဟု ဒေသတွင်းနိုင်ငံများက ဝေဖန်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယား၏ ဂြိုဟ်တုလွှတ်တင်မှုသည် ကိုရီးယားကျွန်းဆွယ်၏ တည်ငြိမ်မှုကို ထိခိုက်စေနိုင်ဖွယ်ရှိသည်။ ဒေသတွင်းနိုင်ငံများ၌ စိုးရိမ်ပူပန်မှုများ မြင့်တက်စေပြီး ယင်းနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှုများ ပြုလုပ်လာမည်ဟု မျှော်လင့်ရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၁၂ ခုနှစ်ကလည်း ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ဂြိုဟ်တုတစ်လုံးကို လွှတ်တင်ခဲ့သည်။ သိပ္ပံရေးရာသုတေသနလုပ်ငန်းအတွက် ဂြိုဟ်တုလွှတ်တင်ရခြင်းဖြစ်သည်ဟု ယင်းနိုင်ငံက အခိုင်အမာပြောကြားခဲ့သော်လည်း ဒုံးကျည်စမ်းသပ်မှုအတွက် အယောင်ဆောင်ပြုလုပ်ခြင်းသာဖြစ်ကြောင်း အနောက်အုပ်စုက ဝေဖန်ခဲ့ကာ ကုလသမဂ္ဂက အရေးယူဒဏ်ခတ်မှုအစီအစဉ် ချမှတ်လုပ်ဆောင်ခဲ့သည်။





မြောက်ကိုရီးယားနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ချိုးဖောက်ကာ ဂြိုဟ်တုလွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းနိုင်ငံများက ဝေဖန်ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဂြိုဟ်တုလွှတ်တင်ခဲ့ခြင်းနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပရန်ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံများက ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌဖြစ်သော ဗင်နီဇွဲလားနိုင်ငံအား မြောက်ကိုရီးယား၏ ဂြိုဟ်တုလွှတ်တင်မှုနှင့်ပတ်သက်ပြီး အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပရန် တောင်းဆိုထားကြောင်း သိရသည်။

နိုင်ငံတကာ အသိုက်အဝန်းများက ဝိုင်းဝန်းတားမြစ်သော်လည်း ပြုံယမ်း၏ ဂြိုဟ်တုလွှတ်တင်မှုသည် မည်သို့မျှ လက်ခံစရာမကောင်းသည့် အပြုအမူပင်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြစ်တင်ဝေဖန်ခဲ့သည်။ အမေရိကန်အပါအဝင် တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ရုရှားနှင့် ပြင်သစ်နိုင်ငံအစိုးရများက မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုကို ပြစ်တင်ရှုတ်ချခဲ့ကြောင်း သိရသည်။

တစ်လအကြာက နျူကလီးယားလက်နက် စမ်းသပ်ခဲ့ပြီးနောက် ယခုတစ်ကြိမ် ဂြိုဟ်တုလွှတ်တင်မှုသည် ကုလသမဂ္ဂလုံခြုံရေးဆိုင်ရာ သဘောတူညီချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ရာရောက်ကြောင်းနှင့် ထိုသို့ ဂြိုဟ်တုလွှတ်တင်မှုကြောင့် ကိုရီးယားကျွန်းဆွယ်အပါအဝင် တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဆိုသည်။

မြောက်ကိုရီးယား၏ အပြုအမူသည် ကမ္ဘာ့တည်ငြိမ်အေးချမ်းရေးကို စိန်ခေါ်လိုက်ခြင်းပင်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက ဆိုသည်။

ကမ္ဘာ့နိုင်ငံများ၏ တားမြစ်မှုကို ပြုံယမ်းအနေဖြင့် ဂရုမပြုခြင်းကြောင့် နောင်တကြီးစွာရလိမ့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ကျန်က ပြောသည်။

ဂျပန်အစိုးရက မြောက်ကိုရီးယားဒုံးကျည်ပစ်လွှတ်မှုအား ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာချက်ကို သံရုံးမှတစ်ဆင့်ပေးပို့ခဲ့သည်။

ပြုံယမ်းအား နိုင်ငံတကာအသိုက်အဝန်းနှင့်ပူးပေါင်းပြီး ထိရောက်မှုရှိသည့် ဒဏ်ခတ်မှုများ လုပ်ဆောင်ရန်လိုအပ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့ကြောင်းသိရသည်။

**ဆင်ဟွာ၊ အန်နိုင်အိတ်ချ်ကေ။**

## ဥရောပသို့ တစ်ရက်လျှင် ရေနံစိမ်း စည်ပေါင်း သုံးသိန်းရောင်းချနိုင်ရန် အီရန် အစီအစဉ်ရေးဆွဲထား

**တီဟီရန် ဖေဖော်ဝါရီ ၇**

အီရန်နိုင်ငံသည် အနောက်အုပ်စု နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများမှ လွတ်မြောက်ခဲ့ပြီးနောက် ဥရောပနိုင်ငံများသို့ တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း သုံးသိန်းရောင်းချရန် စီစဉ်လျက်ရှိကြောင်း ယင်းနိုင်ငံ၏ ရေနံလုပ်ငန်းဝန်ကြီးက နိုင်ငံပိုင်သတင်းဌာနသို့ ဖေဖော်ဝါရီ ၇ ရက်တွင် ပြောကြားသည်။

ဥရောပသို့တင်ပို့မည့် ရေနံစိမ်းပမာဏနှင့်ပတ်သက်၍ အီရန်ရေနံလုပ်ငန်းဝန်ကြီး ဘီဂျန်ဇန်ဂန်နီက ထုတ်ဖော်ပြောဆိုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဥရောပသည် အီရန်နိုင်ငံအတွက် အရေးပါသော ဈေးကွက်ဖြစ်သည်။ ၂၀၁၂ ခုနှစ်က အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို တုံ့ပြန်သည့်အနေဖြင့် အနောက်အုပ်စုက ယင်းနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှုများ ပြုလုပ်ခဲ့သည်။

အီရန်နိုင်ငံသည် လာမည့် လအနည်းငယ်အတွင်း ပြည်ပသို့ ရေနံတင်ပို့မှု တစ်ရက်လျှင် စည်ပေါင်း ငါးသိန်းအထိ တိုးမြှင့်တင်ပို့သွားမည်ဖြစ်ကြောင်း၊ ဥရောပနိုင်ငံများအပြင် အာရှနိုင်ငံများသို့လည်း ရေနံစိမ်းတင်ပို့ရောင်းချမည်ဖြစ်ကြောင်း ဝန်ကြီးဘီဂျန်က ပြောကြားသည်။

အီရန်နိုင်ငံသည် ဥရောပသို့ ရေနံရောင်းချပေးရာတွင် ယူရိုငွေကို လက်ခံရန် ပိုမိုလိုလားကြောင်း သတင်းတွင်ဖော်ပြသည်။

အီရန်နိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ရေနံစိမ်းပြန်လည်တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယရှိ ရေနံချက်စက်ရုံများက ယခင်ရေနံစိမ်းဝယ်ယူမှုအတွက် မပြေကြွေးကျန်ငွေကို ခြောက်လအတွင်း ရှင်းလင်းပေးရန် တောင်းဆိုထားသည်။

**ရိုက်တာ။**



## တရုတ်(တိုင်ပေ)တွင် ငလျင်ကြောင့် ပိတ်မိနေသူများကို ဆက်လက်ရှာဖွေ

**တိုင်နန် ဖေဖော်ဝါရီ ၇**

တရုတ်(တိုင်ပေ)တောင်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ပြီးနောက်တစ်နေ့တွင် ပြိုကျသွားသည့် တိုက်တာအဆောက်အအုံများနှင့် အပျက်အစီးများအောက်တွင် ပိတ်မိနေသူ ၁၂၀ ကျော်ခန့်ရှိနေဆဲဖြစ်ကြောင်း တိုင်နန်မြို့မှ တာဝန်ရှိသူများက ပြောကြား သည်။

ငလျင်ကြောင့် သေဆုံးသူ ၂၆ ဦးခန့်ရှိပြီး ၎င်းတို့အနက် ၁၈ ဦးသည် ၁၆ ထပ်တိုက်တစ်လုံး ပြိုကျမှုတွင် သေဆုံးရခြင်းဖြစ်သည်။ အဆိုပါ ၁၆ ထပ်တိုက်မှ လူ ၂၀၀ ကျော်ကို ဘေးလွတ်ရာသို့ ကယ်တင်ထားနိုင်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါတိုက်တွင် နေထိုင်သူများက ၎င်းတို့နှင့် အဆက်အသွယ်ပြတ်တောက်နေသူ ဆွေမျိုးမိတ်ဆွေများ၏ စာရင်းကိုတင်ပြကြပြီး မီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူများသည် ပျောက်ဆုံးနေသူများကို အဓိကထား ရှာဖွေလျက်ရှိသည်။

တိုင်နန်မြို့တော်ဝန် လိုင်ချင်တီက အဆိုပါ ၁၆ ထပ်တိုက်တွင် ပိတ်မိနေသူ ၁၃၂ ဦးခန့်ရှိနေဆဲဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

## အလက်ပိုမြို့မှ ထွက်ပြေးလာကြသော ဆီးရီးယားဒုက္ခသည်များ တူရကီနယ်စပ်ရောက်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၇**

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ သို့မဟုတ် ယင်းမြို့ဆင်ခြေဖုံးရှိ ဒုက္ခသည်စခန်းများမှ ပြည်သူ ၂၀၀၀၀ ခန့်သည် တူရကီနယ်စပ်ဒေသသို့ အလုံးအရင်းဖြင့် ရောက်ရှိနေကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တူရကီနယ်စပ်ရှိ ကီးလစ်နယ်ခြားဖြတ်ကျော်ရေးစခန်းသို့ ဆီးရီးယားဒုက္ခသည် ၂၀၀၀၀ ခန့် ရောက်ရှိနေပြီး လမ်းခုလတ်တွင်လည်း ဒုက္ခသည်အများအပြား ရှိနေကြောင်း၊ အကယ်၍ ဆီးရီးယားအစိုးရတပ်ဖွဲ့များက သူပုန်များနှင့် စစ်သွေးကြွများကို ထိုးစစ်ဆင်တိုက်ခိုက်မှု ပြုလုပ်မည်ဆိုပါက ဒုက္ခသည်ဦးရေ တစ်သိန်းအထိ ရောက်ရှိလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ရိုက်တာ။**



# မွန်အမျိုးသားနေ့ အခမ်းအနား(ရန်ကုန်) ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မွန်အမျိုးသားတို့ ပထမဟံသာဝတီမြို့ပြနိုင်ငံတော်ကို စတင်တည်ထောင်ခဲ့သော တပို့တွဲလပြည့်ကျော် ၁ ရက်ကို မွန်အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ယင်းကို အထိမ်းအမှတ်ပြု၍ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ ရောက်တိုင်း မွန်လူမျိုးများရှိရာ ဒေသတိုင်း၌ မွန်အမျိုးသားနေ့ကို ကျင်းပခဲ့သည်မှာ ယခုနှစ်ပါဆိုလျှင် (၆၉) ကြိမ်ပြည့်မြောက်ပြီဖြစ်သည်။

(၆၉) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနား(ရန်ကုန်)ကို တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၂၄ ရက် )တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တို့၌ ညနေ ၆ နာရီမှ ည ၁၂ နာရီထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနား အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၃ ရက် ည ၇ နာရီမှစတင်ကာ နိုင်ငံတော်ရွှေတံဆိပ်နှစ်ဆုရှင် မွန်ပြည်နယ်မှ ချမ်းညီချမ်း (ဆာန်ညီဆာန်)မွန်ဇာတ်အဖွဲ့က ဟံသာဝတီသူရဲကောင်း'လဂွန်းအိမ်'ပြဇာတ်ဖြင့် စတင်ဖျော်ဖြေမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး မွန်ရိုးရာ ယဉ်ကျေးမှုပဒေသာကပွဲ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တေးသရုပ်၊ မွန် ချမ်းညီချမ်းဇာတ်ပွဲတို့ဖြင့် တင်ဆက်မည်ဖြစ်ပြီး မွန်တိုင်းရင်းသားရိုးရာအစားအစာ၊ အဝတ်အထည်၊ မွန်ယဉ်ကျေးမှုဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကိုပါ ပြသသွားမည်ဖြစ်သည်။

မွန်မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စည်းလုံးညီညွတ်မှုရှိစေရန်၊ မွန်စာပေနဲ့ယဉ်ကျေးမှု အနုသုခုမ၊ ဓလေ့ထုံးတမ်းများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်များအား လက်ဆင့်ကမ်းအမွေပေးသွားရန်နှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားများအားလုံးနှင့်အတူ လက်တွဲဆောင်ရွက်နိုင်ရန်ဆိုသော ဦးတည်ချက်ဖြင့် (၆၉) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးနိုင်စိုးကြည်က ပြောသည်။

**(ကိုချစ်)**

# ရမည်းသင်းမြို့နယ်အတွင်းရှိ အသက်(၉၀)နှင့်(၁၀၀)ကြား အဘိုး၊ အဘွားများကို ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်

**ရမည်းသင်း ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရန်အောင်မြင် သာသနာ့ဗိမာန်တွင် ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီက ရမည်းသင်းမြို့နယ်အတွင်းရှိ အသက်(၉၀)နှင့်(၁၀၀)ကြား အဘိုး၊အဘွားများအား ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရမည်းသင်းခရိုင်တာဝန်ခံ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်က ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ရခြင်းကိုရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲတက်ရောက်လာသည့် အဘိုး၊ အဘွားများကို ထောက်ပံ့ငွေများ လက်ရောက်ပေးအပ်ခဲ့ပြီး ကျန်းမာရေးကြောင့်မတက်ရောက်နိုင်သော အဘိုး၊ အဘွားများကိုယ်စား ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဂုဏ်ပြုထောက်ပံ့ငွေကို တစ်ဦးလျှင် ကျပ် ၁၈၀၀၀ နှုန်းဖြင့် ရမည်းသင်းမြို့နယ်အတွင်းရှိ အဘိုး၊ အဘွား ၁၈၄ ဦးကို ထောက်ပံ့ပေးအပ်ခဲ့ပြီး စုစုပေါင်းငွေကျပ် ၃၃၁၂၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

# မြန်မာနိုင်ငံ ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

၂၀၁၆ ခုနှစ် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံ ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ကာယဗလမောင် ၅၅ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်း၊ ၇၅ ကီလိုတန်းအထက်ပြိုင်ပွဲများနှင့် အမျိုးသမီး ကာယကြံ့ခိုင်မှု ၁၆၀ စင်တီမီတာအောက်နှင့် ၁၆၀ စင်တီမီတာအထက်ပြိုင်ပွဲများကို ကျင်းပခဲ့ပြီး ကာယဗလမောင် ၅၅ ကီလိုတန်းတွင် ခြောက်ဦး၊ ၆၀ ကီလိုတန်း ခြောက်ဦး၊ ၆၅ ကီလိုတန်းတွင် ကိုးဦး၊ ၇၀ ကီလိုတန်းတွင် ၁၀ ဦး၊ ၇၅ ကီလိုတန်းတွင် ငါးဦး၊ ၇၅ ကီလိုတန်းအထက်တွင် ၁၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ အမျိုးသမီးကာယကြံ့ခိုင်မှုအရပ် ၁၆၀ စင်တီမီတာ(အောက်) ပြိုင်ပွဲတွင် ခုနစ်ဦးနှင့် အမျိုးသမီးကာယကြံ့ခိုင်မှု အရပ် ၁၆၀ စင်တီမီတာ နှင့်အထက်ပြိုင်ပွဲတွင် ၁၂ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပအပြီးတွင် ဆုများကို ပေးအပ်ချီးမြှင့်ရာ ကာယဗလမောင် ၅၅ ကီလိုတန်း၊ ၆၀ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်းနှင့် ၇၅ ကီလိုတန်းအထက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ရရှိသူများအား မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးညီညီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါက်တာအေးမင်းနှင့် ဦးခင်မောင်တင့်တို့ကလည်းကောင်း၊ အမျိုးသမီးကာယကြံ့ခိုင်မှု အရပ် ၁၆၀ စင်တီမီတာအောက်နှင့် အရပ် ၁၆၀ စင်တီမီတာနှင့်အထက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်ဝင်းသိင်္ဂီတို့ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ၂၀၁၆ ပြည်ထောင်စုမောင်အဖြစ် ထွန်းထွန်းအောင်အား လည်းကောင်း၊ ၂၀၁၆ ပြည်ထောင်စုမယ်အဖြစ် အာရှချန်ပီယံဆုရ နန်းလောင်ခမ်းအား လည်းကောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ Nat Ray မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မာလာက ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အလားအလာကောင်းရှိသည့် ထူးချွန်အားကစားသမားများအား လာမည့်နှစ်အတွင်းကျင်းပမည့် အရှေ့တောင်အာရှနှင့် အာရှနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အဖွဲ့ချုပ်မှ ပဏာမရွေးချယ် စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(စောသိန်းဝင်း)**



၂၀၁၆ ပြည်ထောင်စုမယ် နန်းလောင်ခမ်း(ဝဲ)နှင့် ပြည်ထောင်စုမောင် ထွန်းထွန်းအောင်(ယာ)။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတိလောက ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၇



**ဆရာတော်၏ထေရုပ္ပတ္တိအကျဉ်း ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့ ငါးသိုင်းချောင်းမြို့နယ် ခမည်းတော် ဦးဘိုဟန်၊မယ်တော် ဒေါ်သိန်းမြတို့မှ ၁၂၈၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁ ရက်နေ့တွင် ဖွားမြင်တော်မူပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၁ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ဒေါ်အေးမယ်၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသနှင့် စာချဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ဆုတောင်းပြည့်ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ တောင်ပြင်ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝ(အဂ္ဂမဟာပဏ္ဍိတ)၊ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တ(အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယဥက္ကဋ္ဌ) ယဉ်ကျေးမှုသင်တန်းများနှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိခြင်း၊ ပရိယတ္တိစာပေများ သင်ကြားပို့ချလျက်ရှိခြင်းစသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဆရာတော်သည် အများပြည်သူ၊ ရဟန်း၊ ရှင်၊ လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ ဗုဒ္ဓသာသနာတော်တိုးတက်ပြန့်ပွားရေးကို အထူးဆောင်ရွက်တော်မူခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသနဝုမ္ဗိကရဂုဏ်၊ ဗုဒ္ဓသာသနာတော် အကျိုးစီးပွားကို အထူးဆောင်ရွက်နိုင်ခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသနဟိတရေဂုဏ်၊ ဗုဒ္ဓသာသနာတော်ကို အထူးစောင့်ရှောက်တော်မူခြင်း ဝိသိဋ္ဌဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ သံဃာတော်များကို ထူးခြားစွာ ကြီးကဲအုပ်ချုပ်နိုင်ခြင်း ဝိသိဋ္ဌမဟာနာယကဂုဏ်၊ ထူးကဲသော ဝိသိဋ္ဌသီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တတိလောကအား ၁၃၇၆ (၂၀၁၅) ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၁နှစ်၊ သိက္ခာတော် ၇၀ ဝါအရ ၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက် (၇-၂-၂၀၁၆) တနင်္ဂနွေနေ့ နံနက် ၄နာရီ ၅မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ (၃၉)ခုမြောက် ဟုမ္မလင်းဘဏ်ခွဲဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ (၃၉)ခုမြောက် ဘဏ်ခွဲဖြစ်သော ဟုမ္မလင်းဘဏ်ခွဲကို ဟုမ္မလင်းမြို့၌ မကြာမီဖွင့်လှစ်သွားမည်ဖြစ်သည်။

ဟုမ္မလင်းမြို့တွင် အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲတစ်ခုဖွင့်လှစ်ခြင်းဖြင့် ဟုမ္မလင်းမြို့ပေါ်နှင့် မြို့နယ်အတွင်း နေထိုင်သူ ဒေသခံများအားလုံး ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စအဝဝအား ဟုမ္မလင်းဘဏ်ကို ဗဟိုပြုကာ မြန်မာပြည်အနှံ့အပြားသို့ ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ထွန်းထွန်း)**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု

# ငြိမ်းချမ်းရေးနှင့်အတူ ပွင့်လန်းလာသည့် ကရင်ပြည်နယ်

မောင်မောင်လှိုင်
(ဟိုတယ်/ခရီး)

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏အရှေ့တောင်ဘက်တွင် တည်ရှိပြီး ကရင်လူမျိုးများ အများစုနေထိုင်သည့်အပြင် အခြားတိုင်းရင်းသားများလည်း စုပေါင်းနေထိုင်သော ပြည်နယ်တစ်ခု ဖြစ်သည်။ ပြည်နယ်၏ သဘာဝအရ ရေ၊ မြေ၊ တော၊ တောင်အလှအပများ၊ ကရင်လူမျိုးများ၏ ရိုးသားမှု၊ ရင်းနှီးဖော်ရွေမှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကြောင့် ခရီးသွားဧည့်သည်များ လေ့လာရန်အကောင်းဆုံးဒေသလည်းဖြစ်သည်။ ပွင့်လင်းရာသီဖြစ်သော နွေရာသီရောက်ပြီဆိုပါက ပြည်နယ်၏ မြို့တော်ဖြစ်သော ဘားအံမြို့တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို အများအပြားတွေ့မြင်လာရသည်။ ကရင်ပြည်နယ်တွင် လည်ပတ်စရာကောင်းသော အထင်ကရနေရာများစွာ ရှိသည်။ ၎င်းတို့တွင် ဇွဲကပင်တောင်ပေါ်ဘုရား၊ ကျောက်ကလပ်စေတီ၊ ရွှေရင်မျှော်ဘုရား၊ ကော့ကသောင်ဂူ၊ ပတ္တမြားဂူ၊ ဆဒ္ဒန်ဂူ၊ ကော့ဂွန်းဂူ၊ ဘုရင့်ညီနောင်ဂူ၊ ရေပူစမ်း၊ ရသေ့ပျံဂူ၊ ပဒိုဂူ၊ ကန်သာယာပန်းခြံစသည်တို့သည် ခရီးသွားများအတွက် စွဲမက်စရာအပန်းဖြေ အနားယူစရာများပင်ဖြစ်သည်။

ဘားအံမြို့ကိုရောက်ပြီဆိုပါက ကရင်ပြည်နယ်၏ အမှတ်သင်္ကေတဖြစ်သော အမြင့် ၂၃၇၂ ပေရှိသော ဗုဒ္ဓဘုရားရှင်၏ ဆံတော်များကို ပူဇော်ထားရှိသော မဟာဇွဲကပင်တောင်တော်ကို အဝေးကပင်ဖူးတွေ့နိုင်သည်။ နှစ်စဉ် တပေါင်းလပြည့်နေ့ရောက်တိုင်း ဇွဲကပင်ဘုရားပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။ ဇွဲကပင်ဘုရားပွဲကို တပေါင်းပွဲဟု ဒေသခံတို့က ဆိုစမှတ်ပြုကြသည်။ ပြည်နယ်တစ်ဝန်းလုံးမှ တောင်တက်ဘုရားဖူးများစွာဖြင့် ကြက်ပျံမကျစည်ကားလှသည်။ တပေါင်းပွဲတော်ထက် ပို၍စည်ကားသည်မှာ ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ဖြစ်ပြီး နှစ်စဉ်နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပလေ့ရှိသည်။ ကရင်ရိုးရာဒုံးယိမ်းအကပြိုင်ပွဲများ၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲများအပြင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ၊ ဇာတ်သဘင်များ၊ စတိတ်ရှိုး၊ ဈေးရောင်းပွဲတော်၊ စားသောက်ဆိုင်များဖြင့် စည်ကားလှသည်။ ထိုပွဲတွင် ကရင်ဓလေ့ကြက်ဆင်သားဟင်းနှင့် ထမင်းကို လာရောက်မြည်းစမ်းကြည့်နိုင်သည်။ ထို့အပြင် ဝါခေါင်လပြည့်နေ့ရောက်တိုင်း ကရင်ရိုးရာချည်ဖြူဖွဲ့ခေါ် လက်ချည်ပွဲနှင့် ရိုးရာလှေလှော်ပြိုင်ပွဲများ ကျင်းပသလို နှစ်စဉ်ပြာသိုလဆန်း ၁ ရက်နေ့တွင် ကရင်နှစ်သစ်ကူးပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အထက်ပါပွဲတော်များအပြင် သဘာဝရှိရင်းစွဲအရင်းအမြစ်ကိုအခြေခံ၍ နိုင်ငံခြားငွေ အမြောက်အမြားရှာဖွေပေးနိုင်သော ခရီးသွားလုပ်ငန်းသည် ဧည့်သည်များကို ဆွဲဆောင်ပေးနိုင်သော သဘာဝလိုဏ်ဂူများ၊ ရေတံခွန်များလည်း မြောက်မြားစွာ တည်ရှိနေပါသေးသည်။ သံလွင်မြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသော ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူမှာ နိုင်ငံခြားခရီးသွားများအပြင် သမိုင်းသုတေသန ပညာရှင်များလည်း လာရောက်လေ့လာကြသည်။ ရှေးဟောင်းနံရံကပ် ဘုရားပုထိုးများ သမိုင်းမတင်မီခန့် ရှေးဟောင်းမွန်ကျောက်စာတို့ဖြင့် ကော့ဂွန်းဂူမှာ လာရောက်လေ့လာကြသူတို့အကြား ထင်ရှားကျော်ကြားလှသည်။ ဘားအံမြို့မှ မိုင်၂၀ ခန့်အကွာရှိ အရှေ့ အနောက် ၁၀၇ မီတာရှည်လျားပြီး မီတာ ၄၀ ကျယ်ဝန်းကာ မြေပြင် ၁၀ မီတာအမြင့်တွင် တည်ရှိသော ဆဒ္ဒန်ဂူမှာလည်း လာရောက်လည်ပတ်သူတို့၏စိတ်ကို ကြည်နူးချမ်းမြေ့စေသည်။ ဆဒ္ဒန်ဂူ၏အတွင်းဘက်ရှိ ကြည်လင်စိမ်းလန်းနေသော ရေကန်ကြီးတွင် လှေစီးကာ လိုဏ်ဂူကိုလှည့်ပတ်ကြည့်ရှုနိုင်သည်။ လှေဖြင့် လိုဏ်ဂူအပြင်သို့ ထွက်သည့်အခါတွေ့မြင်ရသော လိုဏ်ဂူအတွင်း အပြင် ရှုခင်းမှာ ရင်သပ်ရှုမောဖွယ်ကောင်းလှသည်။ ရှေးဟောင်းဘုရားဖူးမြော်ခြင်း၊ ဒေသထွက် လက်မှုအနုပညာပစ္စည်းများဝယ်ယူခြင်း၊ ဒေသခံလူမျိုးစုများနှင့် ဆက်သွယ်ခြင်း၊ တိုင်းရင်းသားရိုးရာ အစားအစာများ


ကရင်ပြည်နယ်၏ အထင်ကရစေတီတစ်ဆူဖြစ်သည့် ကျောက်ကလပ်စေတီကို ဖူးတွေ့ရစဉ်။

စားသောက်ခြင်း၊ ရိုးရာယဉ်ကျေးမှုပြပွဲများ လှည့်လည်ကြည့်ရှုခြင်း၊ ပြည်တွင်း ပြည်ပခရီးသွားများအတွက် ဆွဲဆောင်မှုများဖြစ်သည်။ ထို့အပြင် မြို့၏ဂုဏ်ပုဒ်ကိုဖော်ထုတ်ပေးနေသည့် မြစ်သံလွင်၏ပုံရိပ်ကို ပေါ်လွင်ထင်ဟပ်စေမည့် သာယာလှပသောရှုခင်းများကိုလည်း သံလွင်တံတားပေါ်မှ ကြည့်ရှုခံစားနိုင်ပါသေးသည်။ ထိုသို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုကြောင့် တိုက်ရိုက်ဝင်ငွေရသော ဟိုတယ်နှင့်တည်းခိုရိပ်သာများ၊ ခရီးသွားကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များသာမက စားသောက်ဆိုင်များ၊ အငှားယာဉ်များစသဖြင့် ဒေသခံများသည် ခရီးသွားတိုးတက်မှု၏ အကျိုးကျေးဇူးများ ခံစားရရှိစေမည်ဖြစ်သည်။

ဘားအံမြို့သို့ တိုးတက်ဝင်ရောက်လာသော နိုင်ငံတကာခရီးသွားဧည့်သည်များကို လက်ခံနိုင်ရန် ဝန်ဆောင်မှုကောင်းမွန်သော ဟိုတယ်၊ တည်းခိုရိပ်သာများလည်း ရှိသည်။ ဘားအံမြို့တွင် ၂၀၁၀ ခုနှစ်တွင် တည်းခိုရိပ်သာ သုံးလုံးသာရှိခဲ့ရာမှ ယခုအခါ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကောင်းမွန်သော အခွင့်အလမ်းများကြောင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ စာရင်းများအရ ဟိုတယ် ရှစ်လုံး၊ တည်းခိုခန်း ခြောက်လုံး အခန်းပေါင်း ၂၉၆ ခန်းအထိ တိုးလာမည်ဖြစ်ရာ ဧည့်သည်များအတွက် အခန်းလိုအပ်ချက်များကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ကရင်ပြည်နယ်သို့ ဝင်ရောက်လည်ပတ်သည့် နိုင်ငံခြားဧည့်သည်များသည် ၂၀၁၂ ခုနှစ်တွင် ၃၆၇၈၈ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၄၂၃၂၅ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၅၃၆၈၁ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၆၉၉၉၉ ဦး လာရောက်လည်ပတ်ရာ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာကြောင်း တွေ့ရှိရသည်။ ပြည်နယ်အတွင်းရှိ သံတောင်ကြီးဒေသတွင်လည်း မည်သည့်ပြည်နယ်နှင့် တိုင်းဒေသကြီးတွင် မရှိသေးသည့် Bed and Breakfast ကိုလည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

ထို့အတူ လိုင်စင်ရခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီပေါင်း ၁၀ ခုအပြင် ထပ်မံအဆိုပြုထားသော ခရီးသွားကုမ္ပဏီများလည်း ရှိပါသေးသည်။ ၂၀၁၅ ခုနှစ်တွင် ဧည့်သည် ၁၀၉၄ ဦး၊ စက်ဘီးခြောက်စီး၊ ဆိုင်ကယ် ၂၂၀၊ ကား ၃၀၅ စီးဖြင့် နိုင်ငံခြားသားခရီးစဉ် ၈၄ ခု ဖော်ထုတ်ပေးနိုင်ပြီး နိုင်ငံခြားငွေ အမြောက်အမြားကို ရှာဖွေပေးနိုင်သည့်လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

ဒေသတွင်း ဧည့်လမ်းညွှန်သင်တန်းကိုလည်း ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် စုစုပေါင်းသင်တန်းသား ၈၀ တို့ကို လေ့ကျင့်မွေးထုတ်ခဲ့ပြီးဖြစ်သည်။ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများဖြစ်သော ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းကိုလည်း ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် သင်တန်းသား ၇၅ ဦးနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် သင်တန်းသား ၁၁၀ တို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဟိုတယ်နှင့် ခရီးသွားကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်သားများ၏ ကျွမ်းကျင်မှုအရည်အသွေး မြင့်မားစေရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ လက်နက်ကိုင်ပဋိပက္ခများအားလုံး ချုပ်ငြိမ်းသွားစေရန်အတွက် ပြည်နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်ညီအစ်ကိုမောင်နှမများ အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ရယူဆောင်ရွက်နိုင်ခဲ့ပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုအပြန်အလှန် တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် ကရင်ပြည်နယ်အတွင်းရှိ မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက်စင်္ကြံလမ်းမကြီးကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်နေပြီး အရေးပါလှသောအာရှလမ်းမကြီးတစ်ခုအဖြစ် ပေါ်ထွက်လာပြီဖြစ်ရာ ခရီးသွားများ လွယ်ကူအဆင်ပြေစွာသွားလာနိုင်ပြီ ဖြစ်သည်။

သို့ဖြစ်ရာ ပြည်နယ်အနေဖြင့် မိမိဒေသကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှေးဟောင်းယဉ်ကျေးမှုရတနာများ၊ သဘာဝအရင်းအမြစ်များနှင့် လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် ကောင်းမွန်သော အပန်းဖြေအနားယူစရာနေရာများ ဖြစ်စေရန် ဝိုင်းဝန်းကြိုးစားလုပ်ဆောင်ခြင်းဖြင့် မိမိပြည်နယ်သာမက မိမိနိုင်ငံအား ခရီးသွားလုပ်ငန်းပွင့်လန်းရာ ပိုမိုကောင်းမွန်သောနေရာဒေသတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်ရာ ငြိမ်းချမ်းရေးပန်းခင်းနှင့်အတူ ကြီးမားသော စီးပွားရေးအခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်၍ လေပြည်လေညင်းများနှင့်အတူ ခရီးသွားပန်းရနံ့များ မွှေးထုံနေပြီဖြစ်သည်။ ။

**ယခုအခါ လက်နက်ကိုင်ပဋိပက္ခများအားလုံး ချုပ်ငြိမ်းသွားစေရန်အတွက် ပြည်နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင် ညီအစ်ကိုမောင်နှမများ အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ရယူဆောင်ရွက်နိုင်ခဲ့ပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုအပြန်အလှန် တည်ဆောက်နိုင်ခဲ့ပြီးဖြစ်**

သဘာဝတောတောင်များဖြင့် သာယာကြည်နူးဖွယ်တွေ့မြင်ရသည့် ဇွဲကပင်တောင်တန်းတစ်နေရာ။



ပြည်တွင်းရေးရာ

# (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား ပြည်သူ့ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၇**

(၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားနှင့် တိုင်းရင်းသား ပေါင်းစုံပဒေသာကပွဲကို ဖေဖော်ဝါရီ ၇ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ဖျော်ဖြေရေးကွင်း အမှတ်(၁)တွင် ကျင်းပသည်။

ရန်ကုန်တွင် ရှမ်းပြည်နယ်နေ့ ကျင်းပရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး အတွင်းရေးမှူး ဦးစိုင်းအောင်မြင့်ခိုင်က"ပြည်ထောင်စု မြန်မာနိုင်ငံကြီး စတင်ပေါ်ပေါက်လာဖို့ အစပျိုးခဲ့တဲ့ နေ့တစ်နေ့ကို မပျောက်မပျက်ရှိစေဖို့ရယ်၊ နောက်ပြီး ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားပေါင်းစုံရဲ့ ရိုးရာယဉ်ကျေးမှုတွေကို ပြန်လည်ဖော်ထုတ်ပြီး ရန်ကုန်မှာ ရောက်နေတဲ့ မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးချင်တဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးရင်းနှီးပြီး ရိုးရာယဉ်ကျေးမှုတွေမျှဝေခံစားနိုင်ဖို့ ကျင်းပတာပါ" ဟု ပြောသည်။

ယခင်က ရှမ်းအမျိုးသားနေ့အဖြစ် ကျင်းပခဲ့ရာမှ ၁၉၇၄ ခုနှစ်မှ စတင်ပြီး ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်နှစ်တိုင်း ရှမ်းပြည်နယ်နှင့် အခြားမြို့များတွင်ပါ ရိုးရာမပျက် ကျင်းပခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ရှမ်းပြည်နယ်နေ့ ဖြစ်ပေါ်လာပုံနှင့် ပတ်သက်ပြီး (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဖြစ်မြောက်ရေးကော်မတီ(ရန်ကုန်)မှ ဥက္ကဋ္ဌ ဒေါ်စဝ်သီတာထွေးက "၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့မှာ ရှမ်းပြည်နယ်က စော်ဘွားတွေနဲ့ ရှမ်းပြည်နယ်ပြည်သူလူထု ခေါင်းဆောင်တွေကနေမှ လွတ်လပ်ရေးကို ပြည်မနဲ့ပူးပေါင်းပြီး ရအောင်ယူမယ်ဆိုပြီး ဆုံးဖြတ်ချက်တွေ ချမှတ်လိုက်တဲ့နေ့ဟာ ရှမ်းပြည်နယ်နေ့ဖြစ်ပါတယ်။ ရှမ်းပြည်နယ်နေ့ဟာ ပင်လုံစာချုပ်ဖြစ်ပေါ်လာဖို့နဲ့ ပြည်ထောင်စုနေ့ကို မွေးဖွားပေးလိုက်တဲ့ သမိုင်းဝင်နေ့လည်းဖြစ်ပါတယ်။ ရှမ်းအမျိုးသား သီချင်းနဲ့ ရှမ်းအလံကိုလည်း အဲ့ဒီနေ့မှာ သတ်မှတ်ခဲ့ပါတယ်"ဟု ပြောသည်။

ရန်ကုန်မြို့တွင် ကျင်းပသည့် (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် ခနေ့၊ အင်းသား၊ တိုင်း/သျှမ်းရိုးရာ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ပြခန်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအစားအစာများ၊ အဝတ်အထည်အသုံးဆောင်ပစ္စည်းများ၊ အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်ခန်းများနှင့် ပညာရေးအထောက်အကူပြုဆိုင်ခန်းစသဖြင့် ဆိုင်ခန်းပေါင်း ၆၀ ကျော် ဖွင့်လှစ်ရောင်းချခဲ့သည်။

သီပေါအသင်း(ရန်ကုန်)မှ ဦးမြတ်သူက "ရှမ်းပြည်နယ်ကနေ ရန်ကုန်ကို ရောက်နေတာ အများကြီးပါ။ ဒီပွဲမှာ တစ်ယောက်နဲ့တစ်ယောက် ပြန်ဆုံကြတယ်။ ကိုယ့်ဒေသကိုလည်း ပြန်လွမ်းတယ်။ ဒီပွဲမှာ ရောင်းချလို့ရတဲ့ငွေတွေကို ပညာရေး၊ လူမှုရေးကဏ္ဍတွေမှာ ပြန်လည်အသုံးပြုသွားမယ်" ဟု ပြောသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံအလံနှင့် ရှမ်းအလံအား အလေးပြုခဲ့ကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့လာသည့် ရှမ်းပြည်နယ်နေ့သဝဏ်လွှာကို အတွင်းရေးမှူး ဦးစိုင်းအောင်မြင့်ခိုင်က ဖတ်ကြားခဲ့သည်။

ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တွင် ဖေဖော်ဝါရီ ၇ ရက် ညနေပိုင်းက ကျင်းပသည့် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် ရှမ်းတိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ မင်္ဂလာဟု ယူဆသည့် ရှမ်းရိုးရာအိုးစည်၊ တိုးနယား၊ ကိန္နရီ၊ ကိန္နရာအကများ၊ တိုက်ကြီးအသင်း၊ လားဟူအသင်း၊ သီပေါအသင်း၊ အင်းသားအသင်း၊ တောင်ကြီးအသင်း၊ ကျောက်မဲအသင်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်) အစရှိသည့် အသင်းအဖွဲ့များက ရိုးရာအကအလှများဖြင့် ဖျော်ဖြေခဲ့ကြပြီး ရှမ်းပြည်နယ်ဖွား တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြကာ ရှမ်းပြည်နယ်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(သီသီမင်း)**

**✱ ကျောဖုံးမှ**

အသုံးပြုစီးနင်းရမည့် ကတ်ရောင်းချပေးခြင်း၊ အသုံးပြုပုံနှင့် ကတ်ဖြတ်စနစ်ဖြင့် ဘတ်စ်ကားပေါ်တွင် ကတ်အသုံးပြုစနစ်များကို ပြသပေးခြင်းများကို တစ်လတိတိဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ယာဉ်စီးခက ၃၀၀ ကျပ်ပါ။ စစချင်းမှာ အသုံးပြုပုံကို လိုက်လံပြသပေးမယ့်သူ ကားပေါ်မှာ ထားရှိပေးထားပါတယ်။ အခု စပြေးဆွဲခြင်းမှာ တရုတ်နိုင်ငံထုတ် ဘတ်စ်ကားအသစ်တွေကို အသုံးပြုပြေးဆွဲပေးနေပါတယ်။ ဒီလကုန်ရင် နောက်ထပ်အစီး ၄၀ ကျော် ထပ်ရောက်မှာမို့လို့ နောက်ထပ် လမ်းကြောင်း(၂)ကို ပြေးဆွဲသွားမှာပဲဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဒီကားတွေထက်ကောင်းတဲ့ ကားသစ်တွေကို အသုံးပြုသွားမှာပဲဖြစ်ပါတယ်။ လိုအပ်ရင် လိုအပ်သလို ကားထပ်တိုးချဲ့ပြေးဆွဲဖို့ ကားသစ်တွေ ဝယ်ယူသွားမှာပါ"ဟု ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

စတင် စမ်းသပ်ပြေးဆွဲသည့် လမ်းကြောင်း(၁)သည် ထောက်ကြန့်လမ်းဆုံမှ ပြည်လမ်းအတိုင်းမောင်းနှင်ကာ (၈)မိုင်၊ လှည်းတန်း၊ မြေနီကုန်း၊ ပြည်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံမှ တစ်ဆင့် အလံပြဘုရားလမ်း၊ ဗဟန်း(၃)လမ်းမှတ်တိုင်၊ ကုက္ကိုင်း၊ ချော်တွင်းကုန်းမှတ်တိုင်တို့ကို ဖြတ်သန်း၍ ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းနှင်ကာ (၈)မိုင်လမ်းဆုံမှ တစ်ဆင့် ပြည်လမ်းပေါ်သို့ ပြန်လည်ချိတ်ဆက်၍ ထောက်ကြန့်လမ်းဆုံသို့ ပြန်လည်ပေါင်းဆုံမည့် ခရီးစဉ်ကို စတင်ပြေးဆွဲမည်ဟု သိရသည်။ ဆက်လက်၍ လမ်းကြောင်း(၂)အဖြစ် ထောက်ကြန့်လမ်းဆုံမှ (၈)မိုင်အထိ၊ ယင်းမှ နဝဒေးရုပ်ရှင်ရုံ၊ ချော်တွင်းကုန်းမှတ်တိုင်များကို ဖြတ်သန်းကာ ကမ္ဘာအေး ဘုရားလမ်းအတိုင်း မောင်းနှင်၍ ရွှေဂုံတိုင်၊ ဗဟန်း(၃)လမ်းမှတ်တိုင်တို့ကိုဖြတ်ပြီး ဗိုလ်ချုပ်လမ်းနှင့် ဆူးလေဘုရားလမ်းဆုံ၊ ထိုမှတစ်ဆင့် ပန်းဆိုးတန်းမှတ်တိုင်ကို ဖြတ်၍ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်ဘုရားလမ်းဆုံမှ တစ်ဆင့် ကမ်းနားလမ်းအတိုင်း မောင်းနှင်ကာ ကမ်းနားလမ်းနှင့် ဘုန်းကြီးလမ်း လမ်းဆုံတို့မှတစ်ဆင့် ပြည်လမ်းမကြီးပေါ်သို့ ပြန်လည်ဆက်သွယ်ကာ ပြည်လမ်းအတိုင်း မြေနီကုန်း၊ လှည်းတန်း၊ (၈)မိုင်တို့ကို ဖြတ်သန်း၍ ထောက်ကြန့်လမ်းဆုံသို့ မောင်းနှင်မည့် ခရီးစဉ်ကို စတင်ပြေးဆွဲမည်ဟု သိရသည်။



ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် BRT ဘတ်စ်တစ်စီး။

အဆိုပါ ကားလိုင်းစနစ်ကို စတင်ဆောင်ရွက်ခြင်းသည် နှစ်ပေါင်းများစွာ လိုအပ်ချက်ရှိနေသောဘတ်စ်ကား သယ်ယူပို့ဆောင်ရေးစနစ်ကို ပြုပြင်ဆောင်ရွက်သွားခြင်းဖြစ်ပြီး နိုင်ငံတကာမြို့ပြများတွင် ဆောင်ရွက်နေသော အများပြည်သူဝန်ဆောင်မှုဖြစ်သည့် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်သွားနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

BRT Lite စနစ် ဘတ်စ်ကား ပြေးဆွဲမှုစတင်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်က ရန်ကုန်မြို့ ထောက်ကြန့်လမ်းဆုံရှိ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၁၁) စက်ရုံဝန်း၌ ကျင်းပခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ ယင်းစနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲအကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်မှ ငွေကျပ် ၁၁ ဘီလီယံ မတည်ပေးခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင် ခြောက်ဦးက ငွေကျပ်သိန်း ၅၀၀၀ စီနှင့် အများပြည်သူ၏ အစုရှယ်ယာထည့်ဝင်ငွေကျပ် ၁ ဘီလီယံကျော်တို့ဖြင့် ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက်ထူထောင်ကာ စတင်ပြေးဆွဲအကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ BRT စနစ်အထိ ပီပီပြင်ပြင်အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သွားမည်ဟု ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက်မှ သိရသည်။ **(ဆုနှင်းလှဲ့)**

## ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး။

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး။

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

(၅) တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## တို့ပြည်ထောင်စုနေ့

☆ ပြည်ထောင်စုစိတ်ဓာတ် အစဉ်မွေးမြူလို့
တို့ပြည်သူ တို့လက်တွဲညီ
တည်တံ့ခိုင်မြဲရေးဦးတည်။
ပြည်ထောင်စုအတွင်း တိုင်းရင်းသားစုံညီ
ချစ်ကြည်အတူတကွ နေထိုင်ရေး။
နွေးထွေးစွာ ဥမကွဲသိုက်မပျက်နဲ့
ရှေ့ဆက်စို့လေး။

☆ တည်ဆောက်ရေးမှာ ခိုင်မာပြုလို့
စည်းလုံးညီညွတ်မှုအခြေခံ
ရရှိပြီးအမှန်။
တည်ငြိမ်အေးချမ်းတို့နိုင်ငံ
အသိစိတ်ဓာတ်မှန်နှင့် ဆောင်ရွက်မနေ့။
တရားဥပဒေစိုးမိုးမှု
ရေးရှုအလေးပေး။

☆ အမျိုးသားရေးဦးတည်ချက်နဲ့
ပြည်ထောင်စုနေ့အတွက် ဂုဏ်ပြုသံ
(၆၉)နှစ်ပြည့်မြောက်ပြန်။
လူမှုစီးပွားဖွံ့ဖြိုးအမှန်
တို့နိုင်ငံ ဝင့်ဝင့်ကြွား။
တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းနဲ့
ကြိုးပမ်းစို့လား။ ။

အောင်မြင့်စိုး(ရေစကြို)

**❐ ကော့သောင်းမှ**

ပြည်သူများ အိမ်တချို့ အမိုးသွပ်ပြားများလန်ထွက်ခြင်း၊ သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်းဖြစ်စဉ်များ ကြုံတွေ့နေကြကြောင်း၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နေပြည်သူများ လေတိုက်နှုန်းမြင့်မားလွန်းသဖြင့် မီးသုံးစွဲရာတွင် အထူးသတိပြုကြရန် မြို့ပေါ်ရပ်ကွက်များ၏ အရန်မီးသတ်တပ်ဖွဲ့အကူအညီဖြင့် လိုက်လံနှိုးဆော်သတိပေးဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ဒေသတာဝန်ရှိအဖွဲ့အစည်းများမှ ပင်လယ်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသည့် ပြည်သူများအား ဘေးအန္တရာယ်မကျရောက်စေရေး အသိပေးနှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-IPRD)**

## ပြည်တွင်းရေးရာ

❖ **ရွှေဖုံးမှ**

"သစ်ပုပ်ပင်က ရန်ကုန်တက္ကသိုလ်ရဲ့ သင်္ကေတတစ်ခုပဲပေါ့။ ကျောင်းနဲ့ သစ်ပုပ်ပင်က ခွဲခြားလို့မရဘူး။ ရန်ကုန်တက္ကသိုလ်ဆိုရင် ဘွဲ့နှင်းသဘင်ကြီးရယ်၊ သစ်ပုပ်ပင်ရယ်က မပါလို့ကို မပြည့်စုံဘူး"ဟု အသက် (၇၀)အရွယ် ရူပဗေဒတက္ကသိုလ် ကျောင်းသားဟောင်းတစ်ဦးဖြစ်ခဲ့သူ ဦးဦးခင်မောင်က ပြောသည်။

၁၉၆၄ ခုနှစ် ရူပဗေဒအထူးပြု ဘာသာရပ်ဖြင့် ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်ခဲ့သည့် အဆောင်နေကျောင်းသားဘဝကို ပြန်လည်တမ်းတကာ ပြောဆိုနေခြင်းဖြစ်၏။ '၁၉၆၄ ခုနှစ်တုန်းက ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်ပေါ့။ အဲဒီတုန်းက ဒဂုံဆောင်မှာနေခဲ့တာ။ အင်းလျားကန်ပေါင်ပေါ်မှာဆိုရင် ဘူးသီးကြော်ဆိုင်လေးတွေရှိတယ်။ သစ်ပင်၊ ချုံလေးတွေနဲ့ သဘာဝအတိုင်းပေါ့။ ဂေါ်ဖီထုပ်၊ နံနံပင်နဲ့ အချဉ်တစ်ခွက် အဲဒီလိုတစ်ပွဲမှ တစ်မတ်ရယ်၊ နောက်မှ ငါးမူးဖြစ်သွားတာ။ ခုံတန်းလေးတွေကလည်း ခနော်နီခနော်နဲ့ပေါ့။ သူငယ်ချင်းတွေ ရေနွေးကြမ်းလေးတစ်အိုးနဲ့ အကြော်ထိုင်စားခဲ့တာ အခုထိသတိရမိတယ်" ဟု ဦးဦးခင်မောင်က အတိတ်က တက္ကသိုလ်၏ ပုံရိပ်ကို ပြန်ဖော်ထုတ်ပြောပြနေသည်။

အရှေ့တောင်အာရှတွင် တစ်ခေတ်တစ်ခါက ဂုဏ်သတင်း မွှေးပျံ့ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ် (၉) ရပ်ကွက်တွင်တည်ရှိပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်အဖြစ်လည်းကောင်း၊ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်အဖြစ်လည်းကောင်း၊ ၁၉၈၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ရန်ကုန်တက္ကသိုလ်အဖြစ်လည်းကောင်း သမိုင်းအစဉ်အဆက် ဖြတ်သန်းခဲ့ပြီပင်ဖြစ်သည်။

ခေတ်စနစ်၏ ပြောင်းလဲမှုနှင့်အတူ အဟောင်းတို့နေရာတွင် အသစ်တို့ အစားထိုးဝင်ရောက်လာခဲ့ပြီးဖြစ်သလို တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အပန်းဖြေရာ၊ စုဝေးရာနေရာတစ်ခုဖြစ်ခဲ့သည့် အင်းလျားကန်ပေါင်ရှိ အကြော်တဲလေးများနေရာတွင်လည်း စားသောက်ဆိုင်ကြီးများ၊ ဈေးဆိုင်ခန်းများနှင့် အဆောက်အအုံများက အစီအရီ ဝင်ရောက်နေရာယူခဲ့ကြသည်။ ကျောင်းသားကျောင်းသူများ ခြေရာချင်းထပ်ခဲ့သော နေရာများသည် စုံတွဲများ၊ သောက်စားပျော်ပါးသူများ၏ အပန်းဖြေရာနေရာတစ်ခုအဖြစ် ပြောင်းလဲသွားသည်။

ရန်ကုန်တက္ကသိုလ်အကြောင်းပြောလျှင် မပါမဖြစ်ဖြစ်သည့် ဦးချစ်ဆိုင်တည်ရှိခဲ့သည့် ဒဂုံဆောင်နှင့် ရာမညဆောင်ထောင့်နား ပြည်လမ်းမအနီး လက်ဖက်ရည်ဆိုင်နှင့် ဈေးဆိုင်တန်းများနေရာတွင်လည်း မြန်မာ - ကိုရီးယားစင်တာ အဆောက်အအုံက ထည်ထည်ဝါဝါဖြင့် အစားထိုးဝင်ရောက်လာခဲ့ပြီဖြစ်သည်။ အလားတူ ရန်ကုန်တက္ကသိုလ်အတွင်းရှိ တစ်ချိန်က ဆိုင်လေးများနေရာတွင်လည်း ဆိုင်အသစ်များက နေရာယူလာကြပြီပင်ဖြစ်သည်။

တစ်ခေတ်တစ်ခါက ရန်ကုန်တက္ကသိုလ်တွင် ရေပန်းစားခဲ့သည့် ဦးချစ်လက်ဖက်ရည်ဆိုင်သည် ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ စာပေ အနုပညာကိစ္စများအတွက် တွေ့ဆုံပြောဆို ငြင်းခုံရာနေရာလေးတစ်ခုဖြစ်ခဲ့ပြီး ဖိုးချို့မုန့်ဟင်းခါး၊ ယမ်းဘီလူးဖျော်ရည်တို့သည်လည်း တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ နှုတ်ဖျားတွင် ရေပန်းစားခဲ့ပြီး ယနေ့တိုင် သတိတရရှိနေခဲ့ကြရသည့် တစ်ချိန်က တက္ကသိုလ်ကျောင်းသား ကျောင်းသူတို့အတွက် ဂန္ထဝင်နေရာများပင်ဖြစ်ပါသည်။

"Canteen ကတော့ Science နဲ့ Arts မှာရှိတယ်။ Science ဘက်မှာဆို ကိုဖိုးချို့ မုန့်ဟင်းခါးရှိတယ်။ Arts မှာတော့ ဖျော်ရည်ပေါ့။ ဦးယမ်းဘီလူးဆိုတာ နာမည်ကြီးပါတယ်။ ဦးချစ်က လက်ဖက်ရည်ဆိုင်ပေါ့။ လက်ဖက်ရည်တစ်ခွက်ကို တစ်မတ်၊ စားစရာကလည်းအစုံရှိတယ်။ ဦးချစ်နဲ့ ဆိုင်ကစားပွဲထိုးတွေက ကျောင်းသား ကျောင်းသူတွေကို အတော်ကိုဂရုစိုက်တယ်"ဟု ကျောင်းသားဟောင်း ဦးဦးခင်မောင်က သတိတရ ပြန်ပြောင်းပြောပြသည်။

"ဦးချစ်နဲ့ပတ်သက်ပြီး အမှတ်တရလေးတစ်ခုတော့ ရှိနေခဲ့တယ်။ တက္ကသိုလ်တက်နေတဲ့ လေးနှစ်အတွင်းမှာ စာမေးပွဲနီးပြီဆိုရင် ဦးချစ်ဇနီးမီးဖွားခါနီးအချိန်နဲ့ ကြုံတယ်။ အဆောင်မှူးက ဘာပြောလဲဆိုရင် ဟေ့ ဦးချစ်ကတော်ကိုကြည့်၊ မွေးခါနီးပြီ စာကျက်ကြတော့။ အဲဒါ အမှတ်အသားပဲလို့ပြောတာ။ ဒါလေးကတော့ မှတ်မှတ်ရရကို ရှိနေခဲ့တာ"ဟု ၎င်းက ဆိုသည်။

ယခုလက်ရှိတွင် ရန်ကုန်တက္ကသိုလ် ပရဝုဏ်အတွင်းရှိ လေလံဆိုင်ခန်းများကို နှစ်စဉ်နှစ်တိုင်း ကျောင်းဖွင့်ရာသီတွင် တင်ဒါခေါ်ယူပြီး ငှားရမ်းလျက်ရှိသည်။ တင်ဒါ ဈေးနှုန်းချင်းတူပါက လူဟောင်းကို ဦးစားပေးပြီး တင်ဒါ စည်းကမ်းနှင့်အညီ ဆောင်ရွက်ထားကာ ကျောင်းသား ကျောင်းသူများ စားသုံးနိုင်မည့် ဈေးနှုန်းများဖြင့် ရောင်းချရန် ညွှန်ကြားထားပြီး အရက်သေစာရောင်းချခြင်းမပြုရန် ညွှန်ကြားထားကြောင်း ရန်ကုန်တက္ကသိုလ် စီမံဌာနမှ သိရသည်။

သို့သော် နှစ်ပေါင်းများစွာ တက္ကသိုလ်နှင့် ဦးချစ်ဆိုင် ခွဲခြားမရအောင်ဖြစ်ခဲ့ရာမှ ၂၀၁၅ ခုနှစ် ဧပြီလတွင် ဆိုင်ခန်းတင်ဒါ မအောင်မြင်ခဲ့သည့် ဦးချစ်၏သားဖြစ်သူ ဦးကျော်ကျော်က "ရင်ထဲမှာ ခံစားမှုက အပြည့်တော့ ရှိတယ်။ ကျောင်းထဲမှာ ဆက်လုပ်ချင်သေးတယ်။ တင်ဒါ မအောင်တဲ့အတွက် ဒီနှစ် ဆိုင်မဖွင့်ရလို့ ရင်ထဲတော့ မကောင်းဘူး။ အဖေ့ဂုဏ်သတင်းက အခုထိရှိပါသေးတယ်။ နိုင်ငံခြားက ပြန်လာတဲ့ ကျောင်းသား ကျောင်းသူဟောင်းတွေဆိုရင်တောင် ဆိုင်လာထိုင်ကြတယ်။ ဆရာ ဇော်ဇော်အောင်နဲ့ စာရေးဆရာ တော်တော်များများက အဖေ့အကြောင်း ကောင်းကောင်းသိတယ်"ဟု ၎င်း၏ခံစားချက်ကို ပြောသည်။

ကျောင်း၏အမှတ်တရ ဦးချစ်ဆိုင် တင်ဒါမအောင်မြင်ခဲ့သလို ကျောင်းတွင် တချို့စားသောက်ဆိုင်ကြီးများ လာရောက်ဖွင့်လှစ်မှုမှာလည်း ကျောင်းသား ကျောင်းသူများ၏ မုန့်ဖိုးဖြင့် မတတ်နိုင်သော ဈေးနှုန်းများဖြစ်နေပြီး အပြင်မှ လာရောက်စားသောက်နေသူများအတွက် သီးသန့်ရည်ရွယ်သလို ဖြစ်နေသည်ဟု ကျောင်းသား ကျောင်းသူများက ဆိုသည်။

"အိုရီယမ်တယ် စားသောက်ဆိုင်ကို နှစ်ထပ်စားသောက်ဆိုင် ဆောက်လုပ်ခြင်းဆိုပြီး ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆိုင်ဆောက်ဖို့ အိတ်ဖွင့်တင်ဒါစနစ်နဲ့ ရွေးချယ်ခဲ့တယ်။ တင်ဒါရဲ့ အောင်မြင်တဲ့ဈေးနှုန်းက ကျပ်သန်း ၂၃၀၀ ကျော်ရှိပါတယ်။ လုပ်ငန်းရှင် တော်တော်များများ ယှဉ်ပြိုင်ခဲ့ကြပါတယ်။ အဲဒီမှာ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်အနီးမှာ စားသောက်ဆိုင်ရှိတာ မသင့်လျော်ဘူးဆိုပြီး ဘွဲ့နှင်းသဘင်အနီး သင်ကြားရေးကိစ္စကိုပဲ အသုံးပြုမှာဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့ ပိတ်သိမ်းခိုင်းထားတာ ဖြစ်ပါတယ်။ အဲဒါ ဇန်နဝါရီ ၂၈ ရက်က အမြန်ဆုံးပိတ်သိမ်းဖို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ၂၉ ရက်မှာ ရန်ကုန်တက္ကသိုလ်က စီမံပြီး လုံးဝပိတ်သိမ်းလိုက်ပါတယ်။ အင်းလျားလမ်းဘက်က ဆိုင်းဘုတ်အသေးလေးကိုပါ ဖြုတ်ချခဲ့တယ်။ အကုန်ပိတ်သွားပါတယ်"ဟု အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ပြောသည်။

ယခုနှစ် ပညာသင်နှစ်တွင် ပဲခူးဆောင်တွင်နေထိုင်သည့် မြန်မာစာအဓိက ဒုတိယနှစ်ကျောင်းသား မောင်ဇင်မင်းထွဋ်က "များသောအားဖြင့်တော့ ကျောင်းထဲက ကန်တင်းတွေမှာပဲ စားဖြစ်တယ်။ ဈေးလည်း မကြီးဘူး။ စားစရာတွေက အနည်းဆုံး ၅၀၀ လောက်က စရောင်းတော့ စားနိုင်ပါတယ်။ အရသာကလည်း မဆိုးပါဘူး။ ဆက်ဆံရေးလည်းကောင်းကြပါတယ်။ စိမ်းလန်းစိုပြည်ဘက်တော့ မနှစ်က ရောက်ပါတယ်။ ဒီနှစ်တော့ မရောက်သေးပါဘူး။ အစားအသောက်ကျတော့ စိမ်းလန်းစိုပြည်တို့၊ အိုရီရမ်တယ်ဟောက်စ်တို့က ဆိုင်ကြီးတွေဆိုတော့ ဈေးလည်းကြီးတယ်" ဟု ပြောသည်။



ရန်ကုန်တက္ကသိုလ်၏ အမှတ်သင်္ကေတတစ်ခုဖြစ်သည့် သစ်ပုပ်ပင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ငွေးအောင်)

ယင်းသို့ ရန်ကုန်တက္ကသိုလ်အနီး စားသောက်ဆိုင်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အဖွဲ့ဖွဲ့ကာ စိစစ်နေသည်ဟုသိရပြီး ဘာကြောင့်ခွင့်ပြုခဲ့သည်ဆိုသည်ကို စိစစ်ခိုင်းခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်တက္ကသိုလ်ထဲမှာ အခုဖွင့်လှစ်နေတဲ့ အခြားစားသောက်ဆိုင်တွေကို ကျွန်တော်တို့ကျောင်းသားဘဝ ၁၉၈၈ ခုနှစ်နောက်ပိုင်းကတည်းက စဉ်ဆက်မပြတ်ဖွင့်လှစ်တာတွေ့ရတယ်။ စားသောက်ဆိုင်တွေကို တစ်နှစ်တစ်ကြိမ် တင်ဒါပြန်ခေါ်တယ်။ ကျောင်းသား ကျောင်းသူတွေအတွက် သက်သာတဲ့နှုန်းထားရှိတဲ့ စားသောက်ဆိုင်ဖြစ်ရမယ်။ သန့်ရှင်းလတ်ဆတ်မှုရှိရမယ်။ စံချိန်စံညွှန်းတွေကိုက်ညီရမယ်။ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်တွေပေးဆောင်ရမယ်ဆိုတာတွေနဲ့အတူ ရန်ကုန်တက္ကသိုလ်ဆိုင်ခန်းနေရာချထားရေးနဲ့ ကြီးကြပ်ရေးကော်မတီက ရွေးချယ်ဆုံးဖြတ်သွားမှာဖြစ်တယ်။ ဈေးနှုန်းကိုတော့ ရန်ကုန်တက္ကသိုလ်ကပဲ စိစစ်ပါတယ်။ စားသောက်ဆိုင်တွေထဲမှာ လက်ရှိပိတ်သိမ်းခိုင်းထားတာဆိုလို့ အိုရီရမ်တယ်ဟောက်စ်တစ်ခုတည်းပဲဖြစ်ပါတယ်။ ကျန်တဲ့ဆိုင်တွေကတော့ ရေရှည်ဆက်ထားဦးမှာပါ"ဟု ဒေါက်တာသိန်းဝင်းကပြောသည်။

ရန်ကုန်တက္ကသိုလ်သည် မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဦးသန့်နှင့် နိုင်ငံ့ခေါင်းဆောင်များ၊ စာပေပညာရှင်၊ စီးပွားရေးပညာ၊ ထူးချွန်သော ပါရဂူဘွဲ့ရ သုတေသနပညာရှင်များနှင့် လူရည်ချွန်လူရည်မွန်များကို မွေးထုတ်ပေးခဲ့သည့် သမိုင်းဝင်ကျောင်းတော်ကြီးလည်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကို အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားခဲ့ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ထူးချွန်ကျောင်းသား ကျောင်းသူများကို လက်ခံပြီး တက္ကသိုလ်ဝင်းအတွင်းရှိ အဆောင်များတွင် ပြန်လည်နေထိုင်ခွင့်ပြုခဲ့သည်။ ထို့ကြောင့်လည်း တိတ်ဆိတ်ခြောက်သွေ့ခဲ့ရသော သမိုင်းဝင် ရန်ကုန်တက္ကသိုလ်ကြီးသည် ပြန်လည်အသက်ဝင်လာပြီဖြစ်သလို ကျောင်းသားကျောင်းသူများနှင့် မသက်ဆိုင်သော အပန်းဖြေနေရာတစ်ခုကဲ့သို့ ဖြစ်ခဲ့ရာမှ အဆင့်မြင့် ပညာရေးနယ်မြေ၊ တက္ကသိုလ်နယ်မြေစစ်စစ်အဖြစ်သို့ ပြန်လည်ပုံပေါ်လာပြီဖြစ်ရာ ယခုကဲ့သို့ တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင့်လျော်သော စားသောက်ဆိုင်များသာ ဖွင့်လှစ်ခွင့်ပေးခြင်းကို စိစစ်ဆောင်ရွက်နေသည်ဟု သိရသည်။

"ကျွန်တော်တို့တုန်းက အဆောင်နေတာနဲ့စားတာ အကုန်လုံး ၅၇ ကျပ်ပဲပေးရတယ်။ အဲဒီ ၅၇ ကျပ်က မနက်ဆို ထမင်း၊ နေ့လယ်ဆို မုန့်နဲ့ ကော်ဖီ၊ နောက်ညစာပေါ့။ ကျောင်းလခက တစ်လ ၁၅ ကျပ်၊ နှစ်လတစ်ခါပေးတာဆိုတော့ ကျပ် ၃၀၊ အိမ်က ငွေ ၁၀၀ ပေးလိုက်ရင် ဒီမှာကောင်းကောင်းမွန်မွန် နေလို့ရတယ်။ လွမ်းစရာ ဈေးနှုန်းတွေပေါ့"ဟု ဒဂုံဆောင်ကျောင်းသားဟောင်း ဦးဦးခင်မောင်ကပြောသည်။

ခေတ်ကာလ၏ ပြောင်းလဲမှုနှင့်အတူ နေထိုင်မှုပုံစံနှင့် သင်ကြားမှုပုံစံတို့သည်လည်း ပြောင်းလဲသွားခဲ့ရာ ဒဂုံဆောင်တွင် နေထိုင်သည့် ကျောင်းသူ မဝင့်ဝင့်ရွှေကလည်း "ခုခေတ်မှာ ဆိုင်တွေမှာ အကြာကြီးထိုင်တဲ့သူတွေနည်းသွားပါပြီ။ အခုထိ ကန်ပေါင်ပေါ်ကို မသွားဖူးသေးဘူး။ အဓိကက ကျောင်းရဲ့ပညာရေး သင်ယူရမှုအခြေအနေကွာမယ်ထင်တာပဲ။ မနက်ကတည်းက Presentation တွေလုပ်ရတယ်။ ညဆိုလည်း Group ဖွဲ့ပြီး ပါဝါပွိုင့်နဲ့ အလုပ်ကို ရှုပ်နေတာပဲ" ဟု ရယ်ရယ်မောမောနဲ့ပြောပြခဲ့သည်။

ရူပဗေဒဌာန ကထိကဌာနမှူးဘဝဖြင့် အငြိမ်းစားယူခဲ့သည့် ဆရာ ဦးဦးခင်မောင်က "အဟောင်းကလည်း အဟောင်းလို၊ အသစ်ကလည်းအသစ်လို ခံစားမှုက နှစ်မျိုးပေါ့ဗျာ။ အရာရာက ပြောင်းလဲနေတာပဲလေ" ဟု ပြောသည်။

ရန်ကုန်တက္ကသိုလ်၏ အထင်ကရဖြစ်သည့် ဘွဲ့နှင်းသဘင်၊ အဓိပတိလမ်း၊ သစ်ပုပ်ပင်နှင့် ဂျပ်ဆင်အဆောက်အအုံတို့သည်လည်း စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာရှင်အသီးသီးတို့၏ ညွှန်းစာဖွဲ့ဆိုရာ နေရာဖြစ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တက်ရောက်ခဲ့ဖူးသည့် ကျောင်းသား ကျောင်းသူတိုင်း ယနေ့တိုင် သတိတရဖြစ်ခဲ့ရသည့် ရန်ကုန်တက္ကသိုလ်ကြီးတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည့် ဦးမိုက်ကယ်က" အင်းလျားကန်ပေါင်ပေါ်မှာ နဂိုတုန်းက ဘူးသီးကြော်ဆိုင်သေးသေးလေးတွေ ရှိတယ်။ အခုမရှိတော့ဘူး။ အားလုံးဆိုင်ကြီးတွေ အစားထိုးဝင်လာပြီ။ ကားပါကင်နဲ့တွဲပြီး စိမ်းလန်းစိုပြည်နဲ့ ကပ်လျက်မှာ ဆိုင်ခန်းလေးတွေပေးထားတယ်။ ဟိုတုန်းက ကျောင်းသား ကျောင်းသူတွေတရုန်းရုန်းနဲ့ အလွန်စည်ခဲ့တာ ပြန်သတိရမိတယ်။ ဒီမြင်ကွင်းလေးပျောက်သွားတာ ကြာခဲ့ပြီပေါ့"ဟု အင်းလျားကန်ဘက်ငေးကြည့်ရင်း အတိတ်ကို သတိတရ ပြန်ပြောင်းပြောပြသည်။

ခေတ်ကာလများစွာ ကျော်ဖြတ်ခဲ့ပြီဖြစ်သည့် ရန်ကုန်တက္ကသိုလ်ကြီးသည် နှစ် ၁၀၀ သက်တမ်းကို တဖြည်းဖြည်း ချဉ်းကပ်လာနေပြီဖြစ်သည်။ တက္ကသိုလ်မြေ နေဝင်မှာကို ကြောက်ခဲ့သူများ၊ ဂျပ်ဆင်ထိပ်က လရိပ်ပြာနဲ့ အဓိပတိလမ်းက ခြေရာများ၊ စစ်ကိုင်းလမ်းနဲ့ မာလာဆောင်တို့ အပါအဝင် ကံ့ကော်တောနှင့် မြကျွန်းညိုညိုကို ကွန်းခိုခဲ့ကြသော ကျောင်းသား ကျောင်းသူ အနုပညာရှင် အတတ်ပညာရှင်များစွာတို့ လွမ်းဆွတ်တမ်းတနေရသော တက္ကသိုလ်ကြီး၏ နေဝင်ချိန်များကိုတော့ ကျော်ဖြတ်လာခဲ့ပြီပင်ဖြစ်သည်။

သို့သော် ရောင်နီထွက်ပေါ်လာခြင်းနှင့်အတူ အတိတ်က တန်ဖိုးထား အမြတ်တနိုးထားခဲ့ရသည့် ခေတ်ဟောင်းအမွေအနှစ်တို့ ပျောက်ကွယ်ကာ ခေတ်သစ်အပြင်အဆင်၊ ခေတ်မီအသွင်အပြင်တို့နှင့် ခေတ်ဆန်သောလက်ရာများက သမိုင်းဝင်တက္ကသိုလ်၏ တန်ဖိုးထား စံထားရမှုများ ကွယ်ပျောက်သွားမည်ကိုတော့ စိုးရိမ်မိသည်။ တစ်ချိန်တုန်းက တက္ကသိုလ်ကြီးကို အောက်မေ့သတိရမိတော့သည်။



အင်းလျားကန်စောင်းရှိ စားသောက်ဆိုင်အား တွေ့ရစဉ်။ (ဓာတ်ပုံ-နေလင်း)

# မီးဘေးသင့်ပြည်သူများအတွက် အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်း

**လပွတ္တာ ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့တွင် ဖေဖော်ဝါရီ ၄ ရက်က မီးဘေးသင့်ခဲ့ရာ အိမ်ခြေ ၁၇၉ လုံး မီးလောင်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၉၅ စု မီးဘေးသင့်ခဲ့သည်။ မီးဘေးသင့်ပြည်သူများအတွက် လပွတ္တာမြို့ လေးထပ်ပရိယတ္တိစာသင်တိုက်တွင် ယာယီမီးဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးကယ်ဆယ်ရေးစခန်းသို့ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် Alpine ကုမ္ပဏီမှ တစ်လီတာ ရေသန့်ဘူး ခြောက်လုံးပါကတ် ၁၆၀၀၊ ငါးလီတာရေသန့်ဘူးလတ် ၈၀၀၊ ၂၀ လီတာရေသန့်ဘူးကြီး ၂၀၀ တို့ကို လည်းကောင်း၊ မဟာဆွေကုမ္ပဏီ(ရန်ကုန်)မှ စာရေးကိရိယာခုနစ်ပုံး၊ မာမားခေါက်ဆွဲခြောက်တစ်ပုံး၊ အဝတ်ဟောင်း တစ်ထုပ်၊ စောင်အထည် ၁၀၀၊ ခြင်ထောင်အထည် ၅၀၊ ကလေးအနွေးထည် ဝတ်စုံ ၅၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးဥက္ကဋ္ဌတို့က ငွေကျပ် ၁၅ သိန်းကို လည်းကောင်း၊ မေတ္တာဖြူမိသားစုမှ စောင်၊ ခြင်ထောင်၊ ပုဆိုး၊ ထဘီ၊ မျက်နှာသုတ်ပဝါအကြီး၊ ကော်ဖီ၊ ဝေဖာ၊ သကြားလုံးပါဝင်သော ပီနံအိတ်အစုံ ၂၀၅ စုံ၊ CB Bank မှ အိမ်ထောင်တစ်စုလျှင် ငွေကျပ် နှစ်သိန်း၊ သုံးလုံးပါ ဒန်အိုး တစ်စုံ၊ ယမ်းယမ်းခေါက်ဆွဲခြောက် တစ်ဖာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ပဝါ၊ စာရေးကိရိယာ တစ်ဖာ၊ ယမ်းယမ်းအသေးခြောက်ထုပ်၊ အာမိုဆပ်ပြာမှုန့် တစ်ထုပ်၊ သွားတိုက်ဆေး တစ်ဘူး၊ မုန့်မျိုးစုံ အထုပ်ကြီး တစ်ထုပ်တို့ကိုလည်းကောင်း၊ ရွှေတောင်ကုမ္ပဏီများအုပ်စုမှ အိမ်ထောင်စု တစ်စုလျှင် Apache ဘိလပ်မြေ အိတ် ၃၀ စီဖြင့် အိမ်ထောင် ၁၉၇ စုအတွက် ဘိလပ်မြေအိတ် ၅၉၁၀ တို့ကိုလည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားကျင်းပပုံများကို မြန်မာ့အသံရေဒီယိုနှင့် မြန်မာ့ရုပ်မြင်သံကြား(News Channel)တို့မှ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လပွတ္တာမြို့မီးဘေးကယ်ဆယ်ရေးစခန်းရှိ မီးဘေးသင့်ပြည်သူများအတွက် အလှူရှင်များ လာရောက်လှူဒါန်း

**လပွတ္တာ ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့တွင် ဖေဖော်ဝါရီ ၄ ရက်က မီးဘေးသင့်ခဲ့ရာ အိမ်ခြေ ၁၇၉ လုံးမီးလောင်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၉၅ စုမီးဘေးသင့်ခဲ့သည်။ မီးဘေးသင့်ပြည်သူများအတွက် လပွတ္တာမြို့ လေးထပ်ပရိယတ္တိစာသင်တိုက်တွင် ယာယီမီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အဆိုပါ မီးဘေးကယ်ဆယ်ရေးစခန်းသို့ ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်အခြေစိုက် ပရဟိတလူငယ်များကွန်ရက်မှ ကျောင်းဝတ်စုံ၊ ဖတ်စာအုပ်၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၃၀၊ မေတ္တာပန်းခင်းပရဟိတလူငယ်များအသင်း(ရန်ကုန်)မှ ငါးခြောက်၊ လက်ဖက်နှင့် အသင့်စားနိုင်သော စားသောက်ကုန်များ စုစုပေါင်းတန်ဖိုးငွေကျပ် ခြောက်သိန်း၊ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ ခြင်ထောင်၊ အိပ်ရာခင်း၊ လုံချည်၊ တီရှပ်နှင့် ကျောင်းသုံးဗလာစာအုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၃၅ သိန်းကျော်တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ သောက်သုံးရေများပြန်လည်ရရှိ

**သီပေါ ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မင်္ဂလာရပ်ကွက်နှင့် မြို့လယ်ရပ်ကွက်တို့တွင် ဖေဖော်ဝါရီ ၄ ရက်က မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၂၀၉ လုံး၊ အိမ်ထောင်စု ၂၈၅ စုနှင့် လူဦးရေ ၁၂၇၉ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၂၆၅၅ သိန်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးဘေးသင့်ပြည်သူများ လတ်တလောတွင် သန့်ရှင်းသောသောက်သုံးရေများရရှိရေးအတွက် ပြည်နယ်စည်ပင်သာယာရေးဌာန(ရုံးခွဲ) လားရှိုးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း ဦးဆောင်သောသီပေါ၊ ကျောက်မဲ၊ လားရှိုးမြို့နယ်များမှ အရာထမ်း၊ အမှုထမ်း ၃၂ ဦး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ အမှိုက်သိမ်းယာဉ် ခြောက်စီးတို့ဖြင့် သန့်ရှင်းရေးနှင့် ရေပိုက်လိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ**(အပေါ်ပုံ)**ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းမှစ၍ သောက်သုံးရေများပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများအား ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်နယ်၊ ပြည်မ၊ တောင်ပေါ်၊ မြေပြန့် မခွဲခြားဘဲ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပုဂ္ဂလိကတစ်ဦးချင်းစေတနာရှင်များသည် ၁၂ ဘီး၊ ၆ ဘီး စသည့်ယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်ပြီး မန္တလေး-နမ့်ဆန်၊ မူဆယ်-နမ့်ဆန် လမ်းကြောင်းတစ်လျှောက်တွင် ကယ်ဆယ်ရေးဗီနိုင်းပိုစတာများ၊ ပြည်ထောင်စုအလံများလွှင့်ထူလျက် နေ့ညမပြတ် လာရောက်လှူဒါန်းကြသည်ကိုတွေ့ရ၍ ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း မီးဘေးသင့်ဒေသခံ ပလောင်တိုင်းရင်းသားတစ်ဦးက ပြောသည်။

မီးဘေးသင့်ပြည်သူများ၏ မီးလောင်ပြင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် သီပေါ၊ ကျောက်မဲ၊ လားရှိုးမြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ သီပေါမြို့မှ စေတနာလုပ်အားရှင် ၅၀ တို့က ယနေ့တွင် နမ့်ဆန်မြို့နယ်သို့ ရောက်ရှိလာပြီဖြစ်သည်။ အခြားမြို့နယ်များမှ စေတနာလုပ်အားရှင် များလည်း ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း နမ့်ဆန်မြို့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**စိုင်း(သီပေါ)**

## လောင်းလုံးမြို့နယ် ကဘူရွာ ကဘူတောင်ပေါ်တွင် မီးလောင်မှုဖြစ်ပွား

**ထားဝယ် ဖေဖော်ဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကမြောကြီးကျေးရွာအုပ်စု ကဘူရွာတောင်ပေါ်တွင် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ကဘူတောင်ပေါ်၌ ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်က သောက်ရေသန့် ကြက်ခြံအနောက်ဘက်အမှိုက်များမီးရှို့ရာမှ နေအိမ်များသို့ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားပြီး မီးလောင်ကျွမ်းရာသို့ ထားဝယ်မြို့နယ်မှ မီးသတ်ယာဉ် ခြောက်စီး၊ လောင်းလုံးမြို့နယ်မှ မီးသတ်ယာဉ် သုံးစီး၊ မောင်းမကန်ကျေးရွာမှ မီးသတ်ယာဉ် တစ်စီး၊ စည်ပင်သာယာရေး ရေသယ်ယာဉ်တစ်စီး၊ ထော်လာဂျီရေသယ်ယာဉ်များနှင့်အတူ သန္နွေမီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ခြေ ၁၅ လုံး၊ အိမ်ထောင်စု ၁၅ စု၊ လူဦးရေ ၆၉ ဦး မီးဘေးသင့်ခဲ့ပြီး ဒဏ်ရာရသူ ခုနစ်ဦးရှိသည်။ မီးဘေးဒုက္ခသည်များအား ကဘူတောင်ပေါ်ရှိ အင်္ဂလိတောင် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယာယီကယ်ဆယ်ရေးစခန်းဖြင့် ထားရှိကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ၂၈ နှစ်ကြာ ပိတ်ထားခဲ့သည့် ဗိုလ်ရာညွန့်အထက်လမ်း ပြန်လည်ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

၂၈ နှစ်ကြာခန့် ပိတ်ထားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့် အထက်လမ်းကို ပြည်သူများသွားလာမှုလွယ်ကူစေရန်နှင့် ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရန်အတွက် ယနေ့နံနက်ပိုင်းမှစတင်ကာ ပြန်လည်ဖွင့်လှစ်ပေးသည်။

"လုံခြုံရေးအရ ပိတ်ထားခဲ့တာပါ။ ပြည်သူတွေအခက်အခဲမရှိ ဖြတ်သန်းသွားလာနိုင်ဖို့အတွက် ကာကွယ်ရေးဝန်ကြီးဌာနကို ပြန်အသုံးပြုခွင့်ပေးဖို့ တင်ပြခဲ့တာ ခွင့်ပြုလိုက်တဲ့အတွက် သွားလာလို့ရသွားပြီ"ဟု ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက(ငြိမ်း) ဦးနန္ဒကျော်စွာက ပြောသည်။

ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်တွင် အထက(၁)ဒဂုံရှိပြီး ကျောင်းဖွင့်ရာသီတွင် ကျောင်းပို့ ကျောင်းကြို ယာဉ်များဖြင့် ယာဉ်ကြောကျပ်တည်းမှုများ မကြာခဏပေါ်ပေါက်ခဲ့ရာ အဆိုပါ လမ်းဖွင့်လှစ်လိုက်ခြင်းဖြင့် ယာဉ်ကြောကျပ်တည်းမှု အထိုက်အလျောက်ပြေလျော့သွားမည်ဖြစ်ကြောင်း ရပ်ကွက်နေပြည်သူများထံမှ သိရသည်။

ဒဂုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ခင်က "၁၉၈၈ ကတည်းက ဗိုလ်ရာညွန့်အထက်လမ်းနဲ့ ရွှေတိဂုံဘုရားလမ်းဘက်သွားတဲ့ ပန်တျာလမ်းကို ပိတ်ထားတဲ့အတွက် ရပ်ကွက်နဲ့ပြင်ပကယာဉ်တွေအပြင် ကျောင်းပို့ ကျောင်းကြို ကားတွေက တစ်လမ်းထဲကိုပဲ အားပြုနေရတယ်။ အခုနှစ်ဖက်လုံး ပြန်ဖွင့်ပေးလိုက်တဲ့အတွက် နေ့ရောညပါသွားရေးလာရေး အဆင်ပြေသွားတယ်" ဟု ပြောသည်။

ဗိုလ်ရာညွန့် အထက်လမ်းဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက(ငြိမ်း) ဦးနန္ဒကျော်စွာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်နေ လမ်းသူ လမ်းသားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုဝန်ကြီး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက(ငြိမ်း)၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက-ငြိမ်း ဦးနန္ဒကျော်စွာနှင့် ဗိုလ်ရာညွန့်အထက်လမ်း နေထိုင်သူ တစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# မူဆယ်မြို့၌ Miss Northern Shan State ပြိုင်ပွဲကျင်းပ

**မူဆယ် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့၌ ဖေဖော်ဝါရီ ၃ ရက်က လေ့ကျင့်နေသော အလှမယ်များကို 2016 -Miss Golden Land Myanmar အတွက် ဖေဖော်ဝါရီ ၅ ရက်က မူဆယ်မြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ဆန်ခါတင်ရွေးချယ်ရန် ပြိုင်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြသော အလှမယ်များမှာ မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်(ပန်ဆိုင်း)၊ ကွတ်ခိုင်၊ သိန္နီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ တန့်ယန်း၊ နမ့်ဆန်၊ မန်တုံမြို့နယ်များမှ ကိုယ်စားပြုအလှမယ်တစ်ဦးစီ ပါဝင်ပြီး စုစုပေါင်း အလှမယ် ၁၂ ဦးယှဉ်ပြိုင်ခဲ့ကြရာ အကဲခတ်ဒိုင်လူကြီးများအဖြစ် Pageant Trainer ဆရာဖြိုးမင်းသုတ၊ အကယ်ဒမီဆွေဇင်ထိုက်၊ အကယ်ဒမီ ရုပ်ရှင်သရုပ်ဆောင် ထက်ထက်မိုးဦးနှင့် မူဆယ်မြို့မှ တာဝန်ရှိသူများက ပါဝင်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပြိုင်ပွဲအတွက် အလှမယ်များက သတ်မှတ်ထားသော ဝတ်စုံများဖြင့် အဆင့်ဆင့်ယှဉ်ပြိုင်ခဲ့ကြပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကဲဖြတ်ခဲ့ကြရာ Winner ဆုကို လားရှိုးမြို့ ကိုယ်စားပြုအလှမယ် နန်းမေရှင်းသန့်က Miss Northern Shan State အဖြစ် ရွေးချယ်ခံရကာ 2016-Miss Golden Land Myanmar ပြိုင်ပွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုယ်စားပြု Land ပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိသွားကြောင်း သိရသည်။

First Runner Up ဆုကို မန်တုံမြို့နယ်ကိုယ်စား အလှမယ် မစီဝင်းနားက လည်းကောင်း၊ Second Runner Up ဆုကို ကြူကုတ်(ပန်ဆိုင်း)မှ ကိုယ်စားပြုအလှမယ် မစုလှိုင်နှင်းကလည်းကောင်း ဆုများကို Miss Asean Myanmar မအိရှူပါဝင်းက ချီးမြှင့်ပေးခဲ့သည်။ ပြိုင်ပွဲဝင်အလှမယ်များကို Pageant Trainer ဆရာဖြိုးမင်းသုတက လေ့ကျင့်သင်ကြားပေးခဲ့ပြီး Miss Earth Myanmar 2014 မအိမွန်ခိုင်၊ Miss Earth Myanmar 2015 မအိမ့်မြချယ်တို့က ကူညီလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

သရဖူဆုကိုရရှိသော နန်းမေရှင်းသန့်(လားရှိုး)က "အခုလိုပြိုင်ပွဲတွေဟာ ကျွန်မနဲ့အတူ ပြိုင်ပွဲဝင်အလှမယ်များအားလုံး ရင်ခုန်လှုပ်ရှားနေကြမယ်ဆိုတာ ကျွန်မသိတယ်။ ကိုယ်ချင်းစာပါတယ်။ ဒီလို ပထမဆုကိုရရှိလိမ့်မယ်လို့ ကျွန်မလည်းမထင်မိပါဘူး။ ဒါကလည်း အဖေ၊ အမေတွေရဲ့ ကျေးဇူးကြောင့်ပါပဲ။ မေမေက အမြဲတမ်းပြောဖူးတယ်။ အလှမယ်တစ်ဦးဖြစ်ဖို့ဆိုတာ ရုပ်ချော၊ ရုပ်လှရုံနဲ့ မပြီးဘူး။ စိတ်နေစိတ်ထားလှပဖို့လည်း အရေးကြီးပါတယ်။ မေမေပြောတဲ့အတိုင်း ကျွန်မကြိုးစားခဲ့ပါတယ်။ အခုတော့ ကျွန်မကြိုးစားခဲ့တာတွေ အောင်မြင်မှုရရှိတော့ ကျွန်မအနေနဲ့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ပြောသည်။ **သန့်ဇင်(မူဆယ်)**

# ရခိုင်နှင့် မကွေးအသင်းတို့ သရေကျ

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)တတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ဟံသာဝတီအသင်းနိုင်ပွဲရပြီး ကျန်ပွဲများ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

(အောင်ဆန်းကွင်း)

ရခိုင် - တစ်ဂိုး

မကွေး - တစ်ဂိုး

နိုင်ပွဲပျောက်ဆုံးနေသည့် အသင်းနှစ်သင်း၏ တွေ့ဆုံမှုက သရေရလဒ်ဖြင့် ပြီးခဲ့ပြီး နိုင်ပွဲရှာဖွေနိုင်ခြင်း မရှိခဲ့ပေ။ ယခုပွဲသရေရလဒ်ကြောင့် မကွေးအသင်းမှာ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ရခိုင်အသင်းမှာ လေးပွဲဆက် နိုင်ပွဲပျောက်ခဲ့ခြင်းဖြစ်သည်။

မကွေးအသင်းမှာ အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ကွင်းလယ်ပိုင်းကို အပြောင်းအလဲလုပ်ခဲ့သည့် ရခိုင်အသင်းမှာ နိုင်ငံခြားသားကစားသမား အပါအဝင် လူစုံအသုံးပြုခဲ့ပြီး မကွေးအသင်းကို အပြန်အလှန် ကစားနိုင်ခဲ့သည်။ ၁၇ မိနစ်တွင် ရခိုင်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဘရာဇီးတိုက်စစ်မှူး အန်ဒရေက သွင်းယူခဲ့ခြင်းဖြစ်သည်။ ချင်းအသင်းကို ရှုံးနိမ့်သည့်ပွဲကတည်းက ကစားပုံပျက်သွားသည့် မကွေးအသင်းမှာ ယခုပွဲတွင်လည်း ရုန်းကန်ခဲ့ရပြီး အပြောင်းအလဲမလုပ်နိုင်သေးပေ။ ၅၂ မိနစ်တွင် မကွေးအသင်း ချေပဂိုးပြန်ရခဲ့ပြီး နောက်ခံလူ မိုက်ကယ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံရရန် ကြိုးပမ်းသော်လည်း သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။




ရခိုင်နှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

အခြားပွဲစဉ်များတွင် မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ဇွဲကပင်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ဗစ်တာက ဇေယျာရွှေမြေအတွက် ဂိုးစတင်သွင်းခဲ့သော်လည်း ဇွဲကပင်အတွက် ချေပဂိုးကို ကောင်းစည်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရလဒ်ကောင်းများရနေသည့် ဟံသာဝတီအသင်းမှာ တန်းတက် Horizon အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိပြီး နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ်(၅)အပြီးတွင် ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့က ၁၃ မှတ်စီရရှိထားပြီး ဂိုးကွာခြားချက်ဖြင့် ရတနာပုံအသင်းက ထိပ်ဆုံး၌ ဦးဆောင်နေသည်။ ဇွဲကပင်အသင်းက ၁၀ မှတ်၊ ဇေယျာရွှေမြေအသင်းက ကိုးမှတ်၊ မကွေးအသင်းက ရှစ်မှတ်၊ ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းတို့က ခြောက်မှတ်စီ၊ ရခိုင်အသင်းက ငါးမှတ်၊ ရန်ကုန်၊ ချင်းယူနိုက်တက်နှင့် Horizon အသင်းတို့က လေးမှတ်စီ ရရှိထားပြီး Southern အသင်းက အမှတ်မရသေးပေ။

**သတင်းနှင့် ဓာတ်ပုံ- ရှိုင်းထက်ဇော်**

# မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

Asain Tour & Japan Tour၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ကာ ရွှေ့ရယ်မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပရာ နောရစ်ဗိုလ်စွဲခဲ့သည်။

နောက်ဆုံးနေ့ပွဲစဉ်များအပြီးတွင် တောင်အာဖရိကနိုင်ငံသား နောရစ်က သတ်မှတ်ရိုက်ချက်ထက် ၂၄ ချက် လျော့ရိုက်ကာ ချန်ပီယံဆုရရှိခဲ့ပြီး အာဇူမာယာနို(ဂျပန်)နှင့် ဂျူဝန်ပတ်ခ်(တောင်ကိုရီးယား)တို့က သတ်မှတ်ရိုက်ချက်ထက် ၂၀ ချက်စီလျော့ရိုက်ကာ ပူးတွဲဒုတိယဆုရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ Leopalace 21 ဥက္ကဋ္ဌ Mr. Eisei Miyama နှင့် Asian Tour ဥက္ကဋ္ဌ ဦးကြည်လှဟန် တို့က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက Title Sponsor ဖြစ်သည့် Leopalace 21 ကိုလည်းကောင်း၊ Asian Tour ဥက္ကဋ္ဌ ဦးကြည်လှဟန်က ရွှေ့ရယ်မင်္ဂလာဒုံဂေါက်ကွင်းကိုလည်းကောင်း အမှတ်တရလက်ဆောင်ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက မြန်မာအားကစားသမားများထဲတွင် အကောင်းဆုံးရိုက်နိုင်ခဲ့သည့် အောင်ဝင်းကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ပူးတွဲဒုတိယဆုရ ယာနို(ဂျပန်)နှင့်ဂျူဝန်ပတ်ခ် (တောင်ကိုရီးယား)တို့ကိုလည်းကောင်း ဆုချီးမြှင့်သည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် Leopalace 21 ဥက္ကဋ္ဌ Mr. Eisei Miyama တို့က ပထမဆုရ နောရစ် (တောင်အာဖရိက)ကို ဆုဖလားနှင့် ဆုငွေ အမေရိကန်ဒေါ်လာ ၁၃၅၀၀၀ ပေးအပ်ချီးမြှင့်သည်။ ယင်းပြိုင်ပွဲတွင် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ ပေးအပ်ချီးမြှင့်ခဲ့သည်။ **ချစ်ကိုကို**



## စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုများကြောင့် ရွာထပ်မံပြောင်းရွှေ့ရမည်ကို ဒေသခံများစိုးရိမ်

**ကျောက်တံခါး ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့အား ရစ်ခွေဖြတ်သန်းစီးဆင်းလာသော စစ်တောင်းမြစ်၏ ကမ်းပါးပြိုကျမှုကြောင့် ဖြူး၊ ကျောက်ကြီး၊ ကျောက်တံခါး စသည့်မြို့နယ်များအတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများ စိုးရိမ်ပူပန်မှု မြင့်တက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ "အနန်းဘော်အုပ်စုက ကွင်းချောင်း၀၊ အနန်းဘော်စတဲ့ကျေးရွာတွေမှာ အဖြစ်များတယ်။ အိမ်ထောင်စုကတော့ ၂၆၈ စု ရှိတယ်။ လူဦးရေကတော့ နှစ်ရွာပေါင်း ၁၄၇၇ဦးပါ။ မိုးဦးကျတာနဲ့ ကမ်းပါးတွေက မတရားပြိုကျတယ်။ ရွာရွှေ့ထားတာလည်း သုံးခါလောက်ရှိပြီ။ ဒီနှစ်ထပ်ပြိုရင်တော့ အခက်အခဲဖြစ်နိုင်တယ်။ အခုလည်း ခြံနဲ့ဘာမှသိပ်မကွာတော့ဘူး"ဟု ဦးမြင့်စိုးက ပြောခဲ့ပြီး "ကျွန်မတို့ရွာက နှစ်တိုင်းပြိုနေတယ်။ ခြံဆုတ်ပေးထားတာ လေးခါရှိပြီ။ အခု နွေလည်းပြိုနေတာပဲ။ လယ်တွေလည်း ဆုံးရှုံးခံနေရတယ်။ဘယ်သူမှလည်း လာမကြည့်ဘူးဖြစ်နေတယ်"ဟု ဖြူးမြို့နယ် မြပဲခူးကျေးရွာအုပ်စုမှ တောင်သူအမျိုးသမီးတစ်ဦးက ပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## သမိုင်းဝင် ကျိုက္ကလော့စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ပိတ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မင်္ဂလာဒုံမြို့နယ် ကျက်သရေဆောင် သမိုင်းဝင် ကျိုက္ကလော့စေတီတော်မြတ်ကြီး (၅၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ပိတ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို စေတီတော်ရင်ပြင်၌ ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သြဝါဒါစရိယ ဆရာတော် ဦးသြဘာသထံမှ ကြွရောက်လာသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ နာယကကြီးများ၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီး အမှုးပြုသော မင်္ဂလာဒုံတပ်နယ်မှ အရာရှိကြီးများနှင့် တပ်ရင်းတပ်ဖွဲ့အသီးသီးမှ



အလှူရှင်များ၊ သမိုင်းဝင်ကျိုက္ကလော့ စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ အသီးသီးမှအလှူရှင်များ၊ ဘာသာရေး၊ သာသနာရေးဆိုင်ရာ အဖွဲ့အစည်း အသီးသီးမှ ပင့်သံဃာတော် ၁၁၈ ပါးနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

**(ဒွေးကြိုင်)**



## ကျေးရွာချင်းဆက်တံတား အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများလိုလား

**ကျိုက်ထို ဖေဖော်ဝါရီ ၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုက္ကမော့ကျေးရွာအုပ်စု မုက္ကမော့ကျေးရွာနှင့် စစ်ကွင်းကျေးရွာအကြား တနောဆည်ပောင်းမှ စစ်တောင်းမြစ်သို့ ဖောက်လုပ်ထားသည့် အဓိကရေပို့လှဲတူးမြောင်းပေါ်တွင် ဖြတ်ကျော်တည်ဆောက်ထားသော အရှည် ၂၅ ပေခန့်ရှိ ကျေးရွာချင်းဆက်တံတားမှာ ယခင်က အလေးချိန် ၃ တန်ခန့်ရှိ ဒေသသုံးယာဉ်ငယ်များ ဖြတ်သန်းမောင်းနှင်နိုင်ပြီး ယခုအခါ အုတ်ပတ်ကားတိုင်များ ကောင်းမွန်သော်လည်း သစ်သားကြမ်းခင်းများ ပေါက်ပြဲ၍ ကြံ့ခိုင်မှုနည်းနေပြီဖြစ်ရာ ဆိုင်ကယ်များသာ သွားလာနိုင်သည်။ ယင်းတံတားကို အချိန်မီ မပြုပြင်ပါက လမ်းတစ်လျှောက်ရှိရွာများ သွားလာရေးခက်ခဲမည့်အပြင် မုက္ကမော့ဘက်ခြမ်းရှိ ကျေးရွာများမှ သိမ်ဇရပ် (အထက) တွင် ကျောင်းတက်နေသည့် ကျောင်းသား ကျောင်းသူများအတွက်လည်း အခက်အခဲကြုံတွေ့ရမည်ဖြစ်ရာ အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများ လိုလားလျက်ရှိကြောင်း သိရသည်။

**(ရဲခေါင်ဦး)**

## သီပေါမြို့နယ် ရေပေးရေးလုပ်ငန်းဖွင့်လှစ်

**သီပေါ ဖေဖော်ဝါရီ ၇**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မန်ပြစ်နှင့်နားမွန်းကျေးရွာ စိမ့်စမ်းရေသွယ်ပေးရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး မိုးထွေးဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက နိုင်ငံတော်မှ ကျေးလက်ပြည်သူများအပေါ် ထားရှိသော မေတ္တာ၊ စေတနာနှင့် စိမ့်စမ်းရေသွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန်ပြစ်နှင့် နားမွန်းကျေးရွာ ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးစိုင်းဆန်မွန်းက နိုင်ငံတော်က ဆောင်ရွက်ပေးသည့်အတွက် သန့်ရှင်းသော သောက်သုံးရေများ သုံးစွဲနိုင်ပြီဖြစ်၍ ကျေးရွာများမှ အိမ်ခြေ ၆၈ အိမ်၊ လူဦးရေ ၂၈၅ ဦးတို့တွင် ကောင်းမွန်သော သောက်သုံးရေများရရှိပြီး ကျန်းမာရွှင်လန်းစွာဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်များကို ယခင်ကထက် ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်တော့မှာ ဖြစ်သည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောသည်။

**စိုင်း(သီပေါ)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်

**ကျောက်ကြီး ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နတ်သံကွင်းမြို့ လျှပ်စစ်မှူးရုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မှူး ဦးသက်ဆွေနှင့်ရုံးအဖွဲ့ဝင်များက ဒေသအတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားဖြန့်ဖြူးမှုစနစ်တိုးတက်ကောင်းမွန်လာစေရေးအတွက် ကျောက်ကြီး-နတ်သံကွင်း 11 KV ဓာတ်အားလိုင်းရှိ ဆွေးမြည့်သစ်သားမီးတိုင်များ၊ သစ်သားလက်တန်းများ၊ ကြွေသီးများအား ကွန်ကရစ် ၁၀ မီတာတိုင်များဖြင့် အစားထိုးလဲလှယ်ခြင်း၊ သံလက်တန်းနှင့် ယခင် ၃၅ ဓာတ်ကြိုးများအစား ယခု ACSR(95)ကြိုးများဖြင့် အစားထိုးလဲလှယ်ခြင်း၊ ယခင်လမ်းအူကြောင်းအား အန္တရာယ်ရှိသဖြင့် အူကြောင်းပြောင်းရွှေ့တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ယခင်လိုင်းက တောင်သူတွေအတွက် အန္တရာယ်ရှိလို့ ပြောင်းရွှေ့ပေးတာပါ။ လဲလှယ်တည်ဆောက်ပြုပြင်ခြင်းတွေ လုပ်ဆောင်ရတဲ့ရည်ရွယ်ချက်ကတော့ ဓာတ်အားဖြန့်ဖြူးမှုစနစ် ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့နဲ့ ပြည်သူတွေ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေဖို့အတွက်ဖြစ်ပါတယ်။ လိုင်းပြုပြင်တည်ဆောက်တဲ့ရက်တွေမှာတော့ မြို့နယ်တွင်းမှာ အချိန်ပိုင်းအလိုက် မီးဖြတ်တောက်ထားရပါတယ်။ ကြိုတင်ကြော်ငြာချက်တွေလည်း ထုတ်ပြီးပါပြီ" ဟု နတ်သံကွင်းမြို့လျှပ်စစ်မှူး ဦးသက်ဆွေက ပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



## မုံရွာမြို့ ဇလုပ်စိုက်ပျိုးရေးသုတေသနခြံတွင် ဆောင်းသီးနှံပြပွဲ ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီးသည် စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် နိုင်ငံတော်၏ တတိယအများဆုံးစိုက်ပျိုးထုတ်လုပ်ရာဒေသကြီးဖြစ်၍ နိုင်ငံ၏တတိယစပါးကျီအဖြစ်တင်စားခေါ်ဝေါ်ကြပြီး မြေအသုံးချမှုတွင် အသားတင်စိုက်ပျိုးမြေသည် စုစုပေါင်းမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း လယ်မြေသည် ရှစ်ရာခိုင်နှုန်းပါဝင်ပြီး ယာမြေသည် ၁၀ ရာခိုင်နှုန်းပါဝင်သည့်အတွက် စပါးသာမက အခြားယာသီးနှံများကိုလည်း အဓိကအားထားစိုက်ပျိုးရာဒေသကြီးဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက်က မုံရွာမြို့ ဇလုပ်စိုက်ပျိုးရေးသုတေသနခြံတွင် ပြုလုပ်သည့် ၂၀၁၅-၂၀၁၆ ဆောင်းသီးနှံပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ညွှန့်က ပြောကြားသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ ယာသီးနှံအနေနဲ့ ကြံ၊ နေကြာ၊ မြေပဲ၊ ဆောင်းနှမ်း၊ ကုလားပဲနဲ့ ပဲစင်းငုံတွေဟာ နိုင်ငံရဲ့အများဆုံးစိုက်ပျိုးရာဒေသဖြစ်ပါတယ်။ အခုပြပွဲမှာ သီးနှံတွေအပေါ် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဆောင်ရွက်ထားတဲ့ သုတေသနဆောင်ရွက်ချက်တွေကို တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တောင်သူတွေကို ဖိတ်ခေါ်ပြသပြီး အရည်အချင်းလက္ခဏာတွေကို လေ့လာစေသလို မိမိတို့ဒေသစိုက်တဲ့မျိုးတွေနဲ့ နှိုင်းယှဉ်လေ့လာစေပြီး အကဲဖြတ်သုံးသပ်ဆန်းစစ်တာတွေကို သုတေသနပညာရှင်တွေနဲ့ ဆွေးနွေးဆောင်ရွက်ကြတာဖြစ်ပါတယ်"ဟု ဦးခင်မောင်ညွှန့်က ပြောပြသည်။ ဆောင်းသီးနှံပြပွဲသို့စိုက်ပျိုးရေးသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း တက်ရောက်အမှာစကားပြောကြားပြီး ပဲမျိုးစုံနှင့် နှံစားသီးနှံဌာနခွဲညွှန်ကြားရေးမှူး ဒေါက်တာထွန်းရွှေက ဆောင်းသီးနှံပြပွဲနှင့် ပတ်သက်သည်များကိုရှင်းပြပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွှန့်က အမှာစကားပြောကြားသည်။ ထို့နောက် ဇလုပ်စိုက်ပျိုးရေးသုတေသနခြံတာဝန်ခံဦးမြင့်စိုးက ဆောင်းသီးနှံပြပွဲပြုလုပ်မှုအခြေအနေကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပညာရှင်များ၊ ပညာပေးဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ မုံရွာမြို့နယ်နှင့်နီးစပ်ရာတောင်သူများသည် ဆောင်းသီးနှံများကိုကြည့်ရှုပြီး ကြိုက်နှစ်သက်သောမျိုးများကိုရွေးချယ်ကြကာ သီးနှံတာဝန်ခံများနှင့် တောင်သူများအပြန်အလှန်ဆွေးနွေးသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများသည် အခြေခံအုတ်မြစ်သဖွယ် အရေးပါသောကြောင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ဇလုပ်သုတေသနခြံနှင့် ရေဦးမြို့နယ်တွင် ပန်းကုံးသုတေသနခြံများတည်ထောင်ကာ တိုင်းဒေသကြီးအတွင်း အဓိကစိုက်ပျိုးလျက်ရှိသည့် သီးနှံဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရေဦးမြို့နယ် ပန်းကုံးသုတေသနခြံတွင် ၂၀၁၅-၂၀၁၆ ဆောင်းသီးနှံပြပွဲကို ဖေဖော်ဝါရီ ၈ ရက်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ပညာရှင်အဖွဲ့များသွားရောက်ကာ ရွှေဘိုခရိုင်ရှိ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မန္တလေး၌ စုပေါင်းဓမ္မတေးဂီတပွဲတော် ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးခရစ်ယာန်အသင်းတော်များစုပေါင်း၍ တတိယအကြိမ်ဓမ္မတေးဂီတပွဲတော်ကို ဖေဖော်ဝါရီ ၃ ရက်၊ ၄ ရက်၊ ၅ ရက် ည ၇ နာရီမှ ည ၁၀ နာရီအထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၅) လမ်းရှိ ရှမ်းတိုင်းရင်းသားများအသင်းတွင် ကျင်းပသည်။ ဓမ္မတေးဂီတပွဲတော်တွင် နိုင်ငံကျော်အဆိုတော်များဖြစ်သော ဖြူဖြူကျော်သိန်း၊ ဆုန်သင်းပါရ်၊ အိုင်းရင်းဇင်မာမြင့်၊ ကောင်းကောင်း၊ ဒီဖြိုး၊ ရာခေလတို့က ဓမ္မတေးများဖြင့် ဖျော်ဖြေခြင်း၊ တေးသရုပ်ဖော်တင်ဆက်မှုများ၊ ဂုဏ်တော်ချီးမွမ်းခြင်းများ၊ အနာရောဂါအမျိုးမျိုးအတွက် ဆုတောင်းခြင်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၈ - ၂ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ၆း၀၀ | အဖွင့် -အလင်္ကာ၀တ်ရည် မြန်မာတေးဂီတ အဖွဲ့ဖျော်ဖြေခန်း(အပိုင်း-၂၃) | ၈း၃၅ | တေးဂီတအစီအစဉ် |
| ၆း၂၀ | ပြည်သူ့နီတိ"ငါမရှိရင်" | ၈း၅၀ | မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း"ရေဒီယိုအငြိမ့်" (မင်းသမီး-ခိုင်မာလွင်၊ လူရွှင်တော်-ပေါ်ဦး၊လှိုင်ဘွား၊ ဝမ်းတူး၊ ဂျယ်လီ) |
| ၆း၃၅ | ဝတ်စားဆင်ယင်မှုပြပွဲ | | |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၇) | ၁၀း၀၀ | ASEAN Cultural Fair-2014 |
| | | ၁၀း၂၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ဦးလေးကြီး" (ကျော်ရဲအောင်၊ မေကဗျာ) (ဒါရိုက်တာ-ဦးကျော်ဆန်း) |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု (အပိုင်း-၃) | ၁၂း၀၀ | အစီအစဉ်ပြီး၏ ။ |

တစ်နေ့ ၆ နာရီစာ (၄)ကြိမ်ပြသပါမည်။

**မှတ်ချက်**

၈. ၂. ၂၀၁၆(တနင်္လာနေ့) ည ၁၀း၀၀ မှ ၉. ၂. ၂၀၁၆ (အင်္ဂါနေ့) ည ၆း၀ အထိပြသပါမည်။

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | | | |
|---|---|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် | | ကြော်ငြာပဒေသာ |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ | ၆း၃၀ | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် ဆိုကြမယ်၊ ပျော်ကြမယ် ဆု(၃)ကြိမ်နှင့် အထက် ရရှိသူများ၏ ဖျော်ဖြေမှုအစီအစဉ် |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ | | |
| ၉း၃၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် | ၆း၄၅ | ကြုံရဆုံရသတင်း ဖတ်ကြားသူတို့ဘဝ |
| ၁၀း၃၅ | အနုပညာသတင်းအစီအစဉ် | | |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် | ၇း၃၀ | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၈၄) | | |
| ၁း၁၀ | Tasty Trip (ပုဂံဒေသ) | ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၃း၃၅ | ရွှေ့ပြောင်းအလုပ်သမား အစီအစဉ် | | |
| ၄း၃၅ | အဝေးသင်တက္ကသိုလ်ရုပ်မြင် သံကြားသင်ခန်းစာ -တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ) | ၈း၃၅ | လူထုကိုအခြေပြုကာရပ်တည် မြန်မာ့ခရီးသွားလုပ်ငန်း (CBT) |
| | | ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် မြန်မာ့သံစဉ်သီချင်းများ (ရာဇာဝင်းတင့်၊ တက္ကသိုလ်လဲ့လဲ့) -MRTV Actor Star (ဒါရိုက်တာ-အောင်မြင့်မြတ်) (အပိုင်း-၂) |
| ၅း၁၅ | သမိုင်းခေတ်အစဉ် ဖလင်တိပ်အသွင် | | |
| ၅း၃၅ | သတင်းတစ်ပုဒ်၏ နောက်ကွယ်က လှုပ်ရှားမှုပုံရိပ်များ | | |
| ၅း၄၅ | နှစ်(၁၀၀)ပြည့်ဂုဏ်ပြုအစီအစဉ် | | |
| ၆း၂၀ | လူမှုစီးပွားအားထားစရာ | | |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများထုတ်လွှင့်ပေးပါသည်။**

### MRVT-4ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

| | | | |
|---|---|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ရတနသုတ် | ၁၂း၄၅ | တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ယက္ကန်းစင်တောင်ပေါ်မှ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ) |
| ၅း၄၀ | "Emotion Management & Mindful Compassion တရားပွဲ သင်တန်း"(အပိုင်း-၆) တရားတော် [ပါမောက္ခဒေါက်တာဘဒ္ဒန္တ ဓမ္မသာမိ(အောက်စဖို့ဒ် ဆရာတော်)] | ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၁၄) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၆) | ၄း၀၀ | Cartoon Series (English Play ground) |
| | | ၆း၁၀ | Health Fix |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (TZE Press Conference စာနယ်ဇင်း ရှင်းလင်းပွဲအခမ်းအနား) | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၇) |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show | ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၁၅) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၅) | ၈း၁၅ | Drive It |
| | | ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၆) |
| ၁၀း၁၀ | ခေတ်သစ်ပျို့မေ | | |
| ၁၀း၅၅ | အနုပညာမိုးကောင်းကင် | | |
| ၁၁း၁၅ | သွားမယ်စားမယ် (Thai 47) | ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၈) |
| ၁၁း၄၀ | Forever Music Tribute Myo Kyaut Myine Virus 364 Bit (အပိုင်း-၁) (ပထမပိုင်း) | ၉း၅၅ | အနုပညာမိုးကောင်းကင် |
| | | ၁၀း၂၀ | MRTV-4 Stage |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၇) | ၁၀း၅၅ | World of Knowledge (Spine Chillers Vampire Bats) |

## ကတ်တီပယ်ရီနဲ့ အော်လန်ဒိုဘလွန်းတို့ တွဲနေကြပြီလား



ရွှေကမ္ဘာလုံးဆုပေးပွဲကြီးရဲ့ ပါတီပွဲမှာ တွေ့ရတဲ့ အော်လန်ဒိုဘလွန်းနဲ့ ကတ်တီပယ်ရီ

အမေရိကန်ပေါ့ပ်တေးဂီတလောကမှာ အောင်မြင်နေတဲ့ အဆိုတော် ကတ်တီပယ်ရီနဲ့ ပင်လယ်ဓားပြရုပ်ရှင် "The Pirates of the Caribbean"မှာ မင်းသားကြီးဂျော်နီဒပ်နဲ့တွဲဖက်သရုပ်ဆောင်ရင်း နာမည်ကျော်တစ်ဦးဖြစ်လာတဲ့ မင်းသားအော်လန်ဒိုဘလွန်းတို့နှစ်ဦးဟာ လတ်တလောဟောလိဝုဒ်ရဲ့ ငွေကြယ်ပွင့်တွေကြားမှာ လူပြောများနေတဲ့ စုံတွဲတစ်တွဲ ဖြစ်နေပါတယ်။

ပြီးခဲ့တဲ့လအတွင်း ကျင်းပခဲ့တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးရဲ့ပါတီပွဲမှာ ရင်းနှီးလွန်းတဲ့ သူတို့နှစ်ဦးရဲ့အပြုအမူ၊ အနေအထိုင်တွေကြောင့် ဒေသတွင်း မီဒီယာတွေရဲ့ စိတ်ဝင်စားခြင်းကို ခံခဲ့ရပါတယ်။ အဲဒီနောက်မှာလည်း သူတို့နှစ်ဦးကို ဟောလိဝုဒ်ရဲ့ ပါတီပွဲတော်တော်များများမှာ အတူတွဲတွေ့လာရတဲ့အခါ ချစ်သူတွေဖြစ်နေကြပြီလို့ သံသယဝင်ခဲ့ကြပြီး မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ရုပ်ရှင်ထုတ်လုပ်သူ အလီကတ်ရှာရှီရန်ရဲ့ မွေးနေ့ပါတီမှာတော့ ပါတီကျင်းပရာဟိုတယ်ရဲ့ဘားမှာ သူတို့နှစ်ဦးပွေ့ဖက်နေတာကို တွေ့မြင်ခဲ့ရတဲ့အတွက် နယူးစ်ဒေ့ါကွန်းက သူတို့နှစ်ဦးကို ဟောလိဝုဒ်ရဲ့ စုံတွဲသစ်အဖြစ် ဖော်ပြခဲ့ပါတယ်။

ယင်းပါတီပွဲညက သူတို့နှစ်ဦးရဲ့အခြေအနေနဲ့ပတ်သက်ပြီး သတင်းရင်းမြစ်တစ်ဦးကလည်း "ကတ်တီနဲ့ အော်လန်ဒိုတို့ကြားမှာ ဆက်ဆံရေးပုံစံသစ်တစ်ခု ဖြစ်လာခဲ့ပါပြီ။ သူတို့နှစ်ဦးဟာ တစ်ညလုံးတစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်၊ စနောက်လိုက်နဲ့ အချိန်တွေကို ကုန်စေခဲ့ပါတယ်"လို့ နယူးယောက်ပို့စ်ကို ပြောကြားခဲ့ပါတယ်။

ကတ်တီပယ်ရီဟာ နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ ဂျွန်မေရာနဲ့ နှစ်နှစ်ကြာ လက်တွဲခဲ့ဖူးပါတယ်။ လက်တွဲလိုက်၊ ပြန်ကွဲသွားလိုက်နဲ့ ကတ်တီနဲ့ ဂျွန်မေရာတို့ရဲ့ အချစ်ခရီးဟာ နှစ်နှစ်ကျော်ကြာပြီးတဲ့နောက် ၂၀၁၄ခုနှစ်အတွင်းမှာ အဆုံးသတ်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၅နှစ်ကုန်ပိုင်းမှာ ကတ်တီနဲ့ ဂျွန်မေရာတို့ရဲ့သတင်းကိုလည်း သဲ့သဲ့လေးကြားခဲ့ရပါသေးတယ်။

အော်လန်ဒိုဘလွန်းကတော့ ဇနီးဖြစ်သူ မရန်ဒါကာနဲ့ ၂၀၁၃ခုနှစ်မှာ လမ်းခွဲခဲ့ပြီးတဲ့နောက် အမျိုးသမီးများစွာနဲ့ သတင်းတွေထွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လအတွင်းက အဆိုတော်ဆယ်လီနာဂိုမက်ဇ်နဲ့ ချစ်သူတွေဖြစ်နေကြပြီလို့ ဒေသခံမီဒီယာအချို့က စွပ်စွဲပြောဆိုခဲ့ပေမယ့် အဆိုပါကောလာဟလအပေါ် အော်လန်ဒိုဘလွန်းက ပြန်လည်ငြင်းချက်ထုတ်ခဲ့ပါတယ်။ ယခုတစ်ကြိမ် ကတ်တီပယ်ရီနဲ့ သတင်းတွေထွက်ခဲ့တဲ့အပေါ်မှာ မင်းသားက တစ်စုံတစ်ရာတုံ့ပြန်ခဲ့ခြင်းမရှိသေးတဲ့အတွက် သူတို့နှစ်ဦးရဲ့ဇာတ်လမ်းဟာ ဟောလိဝုဒ်မီဒီယာတွေအကြား ဝေဖန်စရာတစ်ခုအဖြစ် ရှိနေဆဲပါ။

အေးပြည့် – ရေးသားသည်

## မီနီတေးအယ်လ်ဘမ်သစ်နဲ့ ၂၀၁၆ ကို စတင်လိုက်တဲ့ ရိန်းဘိုး

တောင်ကိုရီးယားရဲ့ အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရိန်းဘိုးက ပြီးခဲ့တဲ့ သောကြာနေ့က ၂၀၁၆ခုနှစ်အတွင်း ပထမဦးဆုံးသော အနုပညာလှုပ်ရှားမှုအဖြစ် သူတို့ရဲ့ မီနီတေးအယ်လ်ဘမ်သစ်"Prism"အတွက် ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ပါတယ်။

ယင်းဓာတ်ပုံတွေမှာ အဆိုပါတေးဂီတအဖွဲ့မှ အဖွဲ့ဝင်ခုနစ်ဦးဝတ်ဆင်ခဲ့တဲ့ ဝတ်စုံတွေဟာ အဖွဲ့ရဲ့နာမည်နဲ့လိုက်ဖက်စွာ သက်တံမှာပါဝင်တဲ့ အရောင်ခုနစ်မျိုးကို ဖော်ကျူးတဲ့အနေနဲ့ ဆင်တူဝတ်စုံခုနစ်စုံကို အရောင်ခုနစ်မျိုးခွဲကာ ကိုယ်စီဝတ်ဆင်ခဲ့ကြပါတယ်။

၂၀၀၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ အဆိုပါတေးဂီတအဖွဲ့ဟာ လတ်တလောအထိ တေးအယ်လ်ဘမ်သုံးခုသာ ထွက်ရှိခဲ့ပြီးဖြစ်ကာ ယခု ဖေဖော်ဝါရီလအတွင်းမှာတော့ အဖွဲ့ရဲ့ တေးသီချင်း၊ အကနဲ့ ဖျော်ဖြေတင်ဆက်မှုတွေကို ဆက်တိုက်ခံစားကြရတော့မှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ❐



## အလှူအတန်းအရက်ရောဆုံးသော ကိုရီးယားရဲ့နတ်သမီးလေးများ



ဆူဇီ



ဟိုင်ရီ

တောင်ကိုရီးယားရဲ့ ပေါ့ပ်ကြယ်ပွင့်နှစ်ဦးဖြစ်တဲ့ "Miss A"တေးဂီတအဖွဲ့မှ ဆူဇီနဲ့ "Girl's Day"မှ ဟိုင်ရီတို့နှစ်ဦးကို တောင်ကိုရီးယားအနုပညာရှင်တွေအနက် အလှူအတန်း အရက်ရောဆုံးသော အလှနတ်သမီးလေးနှစ်ဦးအဖြစ် ကိုရီးယားဘိုးဒေ့ါကွန်းက တင်စားဖော်ပြခဲ့ပါတယ်။

တောင်ကိုရီးယားမီဒီယာများကလည်း သူတို့နှစ်ဦးဟာ ရုပ်ရည်လှပပြီး အရည်အချင်းနဲ့ပြည့်စုံသည်သာမက လှူဒါန်းမှုအပြုလုပ်ခဲ့ဆုံးသော တောင်ကိုရီးယားအနုပညာရှင်နှစ်ဦးအဖြစ် ဖော်ပြခဲ့ကြပါတယ်။

ဟိုင်ရီဟာ သက်ကြီးရွယ်အိုတွေအတွက် အလှူငွေ ဝမ်သန်း ၅၀(အမေရိကန်ဒေါ်လာလေးသောင်းနှစ်ထောင်ခန့်)လှူဒါန်းခဲ့ပါတယ်။ သူရဲ့ရုပ်ရှင် "Reply 1988"ကို ရိုက်ကူးထုတ်လုပ်ပြီးတဲ့နောက် ဟိုင်ရီဟာ မီဒီယာတွေကိုအသိပေးခြင်းမရှိတဲ့ အလှူအတန်းတစ်ခုကိုလည်း လျှို့ဝှက်ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ဆူဇီကလည်း သွေးကင်ဆာနဲ့ အခြားသောကင်ဆာရောဂါသည်တွေအတွက် လှူဒါန်းမှုတွေပြုလုပ်လျက်ရှိပြီး ယာဉ်တိုက်မှုတစ်ခုမှာ ပါဝင်ခဲ့တဲ့သူတွေအတွက် အလှူငွေ ဝမ်သန်း ၅၀ ခန့် လှူဒါန်းခဲ့ပါတယ်။

အဆိုပါကေပေါ့ပ်ကြယ်ပွင့်နှစ်ဦးဟာ ၂၀၁၅ ခုနှစ်ရဲ့ အအောင်မြင်ဆုံးသော အနုပညာရှင်များအဖြစ်လည်း သတ်မှတ်ခြင်းခံခဲ့ရပြီး သူတို့နှစ်ဦးကို ၂၀၁၆ ခုနှစ်ရဲ့ အတက်ကြွဆုံးသော သူများရယ်လို့ တောင်ကိုရီးယားရဲ့ အနုပညာချစ်ပရိသတ်တွေက သတ်မှတ်ခဲ့ကြပါတယ်။

**အားကစား**

# ပရီမီယာလိဂ် ချန်ပီယံအိပ်မက်ကို ဆက်လက်မက်ခွင့်ရနေဦးမယ့် လက်စတာနဲ့ ရာနီရေရီ

**လက်စတာအသင်းက ပရီမီယာလိဂ်ပွဲစဉ်(၂၅)ပွဲမှာ မန်စီးတီးကို အီးတီးဟတ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးရလဒ်နဲ့ အံ့ဖွယ်အနိုင်ယူပြီးနောက်မှာ အမှတ်ပေးဇယား အဆင့်(၁)နေရာကို ဒုတိယနေရာမှ စပါးကို ငါးမှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့ပါတယ်။ဒီပွဲမှာ လက်စတာအသင်းရဲ့ တိုက်ပွဲဝင်စိတ်ဓာတ်ကို အပြည့်အဝမြင်တွေ့ခဲ့ရပြီး ရှေ့၊ နောက်၊ အလယ်၊ ဂိုးစတဲ့မှာ နေရာစုံမှာ လိုအပ်ချက်ဆိုတာ ပြောစရာမရှိလောက်အောင်ကို ကောင်းခဲ့တာကို တွေ့ကြရမှာပါ။ ဒါဆိုလက်စတာအနေနဲ့ ပရီမီယာလိဂ်အမှတ်ပေး ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်မှာလား။ ဆန်းစစ်ကြည့်ရအောင်ပါ။**

မေလွဲ့သင်း



### ဖိအားတွေကို အကောင်းဆုံး စီမံခန့်ခွဲနိုင်မှာလား ရာနီရေရီ

လက်စတာနည်းပြ ရာနီရေရီ ချမှတ်ထားတဲ့ ရှေ့လျားမှု ဦးစားပေး ကစားဟန်ဟာ လက်ရှိမှာ အတော်အလုပ်ဖြစ်နေပြီး အသင်းကြီးတွေဖြစ်တဲ့ လီဗာပူး၊ မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီး၊ စပါး၊ အဲဗာတန်တို့ကို ရင်ဆိုင်ရာမှာ ရလဒ်ကောင်းခဲ့တာကို သတိပြုရမှာပါ။ အရင် နော့ဝှစ်ချ်တိုက်စစ်မှူးဟောင်း ဆော်လ်တန်ကတော့ ဒီလိုအောက် အသင်းငယ်လေးဟာ ရလဒ်ကောင်းလာရင် ပရိသတ်တွေရဲ့ မျှော်လင့်ချက် ဝန်ထုပ်ဝန်ပိုးကို မနိုင်ဝန် ထမ်းပိုးထားရတာကြောင့် ရေရှည်မှာရလဒ်ကောင်း ရရှိဖို့ မလွယ်ဘူးလို့ ဟောကိန်းထုတ်လိုက်ပါတယ်။နော့ဝှစ်ချ်ပရိသတ်တွေက နော့ဝှစ်ချ်အသင်းကို လက်စတာလို စွမ်းဆောင်ပြတာမျိုး လိုချင်ပေမယ့် ဒါဟာ ဖြစ်တောင့်ဖြစ်ခဲအခြေအနေဖြစ်ပြီး ရာသီကုန်ရင်တော့ လက်စတာ ဗိုလ်စွဲဖို့ မဖြစ်နိုင်လောက်ဘူးလို့ သူကပဲ ဆက်လက်ပြောကြားခဲ့ပါတယ်။

လက်စတာဟာ လက်ရှိမှာ အမှတ်ပေးဇယားထိပ်ကို ငါးမှတ်ဖြတ်ပြီး ဦးဆောင်ထားနိုင်တာကြောင့် ဒါဟာ ချန်ပီယံဖြစ်နိုင်လောက်အောင် လုံလောက်တဲ့ စွမ်းအင်တစ်ရပ်လို့တော့ ယေဘုယျအားဖြင့် သုံးသပ်ရမှာဖြစ်ပါတယ်။ မနှစ်က ချယ်လ်ဆီးအသင်းဟာ အခုလိုအချိန်မှာ အမှတ်ပေးဇယားကို ခုနစ်မှတ်ဖြတ်ပြီး ဦးဆောင်ထားနိုင်ခဲ့သလို ရာသီကုန်မှာ ချန်ပီယံဘွဲ့ကိုလည်း အောင်အောင်မြင်မြင် သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ပရီမီယာလိဂ် သမိုင်းကြောင်းကို ပြန်ကြည့်ရင် ချန်ပီယံဖြစ်ခဲ့သလို အမှတ်အများဆုံးဖြတ်ထားနိုင်ခဲ့တဲ့ အသင်းတွေကတော့ ၂၀၀၀-၂၀၀၁ ဘောလုံးရာသီမှ မန်ယူနဲ့ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီမှ ချယ်လ်ဆီးတို့ဖြစ်ပြီး ၁၅ မှတ်အထိ အမှတ်ဖြတ်နိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် ၁၉၉၅-၉၆ ဘောလုံးရာသီမှာ နယူးကာဆယ်ဟာ အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ကိုးမှတ်အထိဖြတ်ပြီး ဦးဆောင်နိုင်ခဲ့ပေမယ့် ရာသီသိမ်းချိန်မှာတော့ ဒုတိယနေရာသာ ရရှိခဲ့တာမျိုး ကြုံဖူးပါတယ်။ ဒါ့ကြောင့် ရလဒ်တွေကောင်းလေလေ ပရိသတ်ရဲ့ မျှော်လင့်ချက်ဖိအားတွေ ပိုမိုများလာလေဖြစ်လာမှာကြောင့် ဒီလိုဖိအားဒဏ်တွေကို ရာနီရေရီ အောင်အောင်မြင်မြင်စီမံခန့်ခွဲနိုင်မှာလားဆိုတာဟာ အဓိကစဉ်းစားစရာ အချက်တစ်ချက်ဖြစ်ပါတယ်။

### မျှော်လင့်ချက်များ

လက်စတာအသင်းဟာ မန်စီးတီးကို အနိုင်ယူပြနိုင်ခဲ့ပြီးနောက်မှာ ဘွတ်ကီဒိုင်တွေရဲ့ ချန်ပီယံအဖြစ် အလေးပေးမှု နံပါတ်(၁)နေရာကို ချက်ချင်းဆိုသလို ရောက်ရှိလာခဲ့ပါတယ်။ ရာနီရေရီကတော့ မန်စီးတီးကို အနိုင်ရတဲ့ ရလဒ်အပေါ် သူကိုယ်တိုင်တောင်မယုံကြည်လောက်အောင်ဖြစ်နေပြီး ရာသီအစက ပရီမီယာလိဂ်ရဲ့ ပထမဆုံးအထုတ်ခံရမယ့် နည်းပြအဖြစ်ရေပန်းစားခဲ့သူဟာ အခုလို အမှတ်ပေးဇယားထိပ်နေရာကို လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်နိုင်အောင် စီမံခန့်ခွဲနိုင်တယ်ဆိုတာ တော်တော်လေးကို အံ့သြစရာကောင်းပါတယ်လို့ ဝန်ခံခဲ့ပါတယ်။

အခုလို ရလဒ်ကောင်းတွေကြောင့် ပရိသတ်ရဲ့ ချစ်ခင်နှစ်သက်မှုတွေပိုမိုတိုးပွားလာသလို ဆယ်စုနှစ်ငါးခုအတွင်းအံ့အားသင့်ဖွယ် အကောင်းဆုံးအနေအထားနဲ့ လက်စတာအသင်း ပရီမီယာလိဂ် ချန်ပီယံဖြစ်လေမလားဆိုတဲ့ မျှော်လင့်ချက်တွေ ပိုမိုတိုးပွားလာခဲ့တာတော့ အမှန်ပဲဖြစ်ပါတယ်။

### ချန်ပီယံအဖြစ် အောင်ပွဲခံမလား

ဒါဆို လက်စတာဟာ ပရီမီယာလိဂ် ချန်ပီယံဖြစ်လာမလားဆိုတာ အရင်က ကြုံတွေ့ခဲ့ရတဲ့ အခြေအနေတွေနဲ့ ချိန်ထိုးကြည့်ရင် ရှင်းရှင်းလင်းလင်း မှန်းဆနိုင်မှာဖြစ်ပါတယ်။ ဒီလို အခြေအနေမျိုး ၁၉၉၇-၉၈ ဘောလုံးရာသီမှာ မန်ယူ၊ ၂၀၀၂-၂၀၀၃ရာသီ အာဆင်နယ်တို့ ကြုံတွေ့ခဲ့ရဖူးပါတယ်။ အဲဒီကာလက မန်ယူရော အာဆင်နယ်ရောဟာ ပရီမီယာလိဂ်ပွဲစဉ် ၁၃ ပွဲသာ ကစားဖို့ ကျန်တဲ့အချိန်မှာ ဒုတိယနေရာမှ အသင်းတွေကို ငါးမှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့ပေမယ့် ရာသီသိမ်းချိန်မှာတော့ ဒုတိယနေရာနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ လက်စတာဟာ လာမယ့် ဖေဖော်ဝါရီ ၁၄ ရက်မှာ အာဆင်နယ်ကို ရင်ဆိုင်ရမှာဖြစ်သလို ဧပြီ ၁၀ မှာ မန်ယူ၊ ရာသီပိတ်နောက်ဆုံးပွဲမှာ ချယ်လ်ဆီးတို့ကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ဒီလိုပွဲကြပ်တွေမှာ လက်စတာအသင်းအနေနဲ့ အကောင်းဆုံးရလဒ်ကို ပုံဖော်နိုင်ဖို့ဆိုတာတော်တော်ခက်တဲ့ အနေအထားပါ။ အဓိကကစားသမားတွေဟာ လောလောဆယ် ဒဏ်ရာပြဿနာမရှိကြသေးပေမယ့် ပွဲဆက်များလာရင်တော့ အသင်းကြီးတွေကို ခံကစားနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ လက်စတာကစားသမားတွေရဲ့ တစ်ဦးချင်းအရည်အသွေးပိုင်းက ထိပ်တန်းအဆင့်မှာ ရှိမနေဘူးဆိုတာတော့ အားလုံးသိထားပြီး ဖြစ်ပါတယ်။ ဂျေမီဗာဒီ၊ မာရက်ဇ်၊ ဟက်တို့ဟာ ကစားအားမာတဲ့ ကစားသမားတွေဖြစ်ပေမယ့် သူတို့ ဘယ်လောက်အထိ တိုးတက်လာဦးမလဲဆိုတာဟာလည်း စဉ်းစားစရာ အနေအထားပါ။ လီဗာပူး၊ မန်စီးတီးတို့လို အသင်းတွေနဲ့ ပွဲဆက်ကစားခဲ့ရပေမယ့် အနိုင်ရလဒ်ဖော်ဆောင်နိုင်ခဲ့တာက ချီးကျူးစရာဖြစ်ပေမယ့် ရာသီသိမ်းချိန်ကျရင်တော့ အတက်အကျများတဲ့ ဘောလုံးလောကမှာ ထိပ်ဆုံးနေရာကို ထိန်းထားဖို့ဆိုတာတော့ မလွယ်တာကြောင့်. . .။

## ဘောလုံးလောကသို့ မကြာမီပြန်လာမည်ဟု မော်ရင်ဟို ပြောပြီ

ချယ်လ်ဆီး နည်းပြဟောင်း မော်ရင်ဟိုသည် ချယ်လ်ဆီးနည်းပြအဖြစ်မှ ထုတ်ပယ်ခံရပြီးနောက်ပိုင်း မကြာမီအချိန်အတွင်း ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြောကြားလိုက်သည်။ မော်ရင်ဟိုသည် ဖေဖော်ဝါရီ ၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဒေါ့မွန်နှင့် ဟာသာဘာလင်တို့ တစ်ဂိုးစီသရေကျခဲ့သောပွဲစဉ်ကို လာရောက်ကြည့်ရှုခဲ့ချိန်တွင် သတင်းထောက်များ၏ မေးမြန်းချက်ကို ယခုကဲ့သို့ ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုသည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ချယ်လ်ဆီးနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရပြီး မကြာခဏဆိုသလို လူမြင်ကွင်းသို့ ထွက်လာသော်လည်း သူ၏အနာဂတ်နှင့်ပတ်သက်၍မူ နှုတ်ဆိတ်နေခဲ့သူဖြစ်သည်။ မော်ရင်ဟိုကမကြာမီအချိန်အတွင်း နည်းပြလောကသို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအပေါ် အလုံးစုံပျော်ရွှင်မှုမရှိဘဲ တစ်စုံတစ်ခုပျောက်ဆုံးနေသလိုဖြစ်နေကြောင်း၊ မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းများကြား ငြိမ်းချမ်းပြည့်စုံသည့်ဘဝကို ရရှိနေသော်လည်း ဘောလုံးလောကနှင့် ဝေးကွာနေသည့်အတွက် ပြီးပြည့်စုံသည့် ခံစားချက် မရရှိကြောင်း ပြောကြားလိုက်သည်။

## တရုတ်ကလပ်များမှ ကမ်းလှမ်းနေသည်ဟု ဒေးဗစ်မိုယက်စ်ထုတ်ဖော်ပြောကြား

ရီးယဲလ်ဆိုစီဒက်နည်းပြအဖြစ်မှ ထုတ်ပယ်ခံရပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူ မန်ယူနည်းပြဟောင်း ဒေးဗစ်မိုယက်စ်က ၎င်းအား တရုတ်ကလပ်အသင်းများမှ ကမ်းလှမ်းနေကြသည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။ မိုယက်စ်က ပရီမီယာလိဂ်ဘောလုံးလောကအား ချစ်မြတ်နိုးသော်လည်း လက်ရှိတွင် သူ့အား တရုတ်ကလပ်များကသာ ကမ်းလှမ်းထားကြသေးကြောင်း ဖွင့်ဟခဲ့သည်။

မိုယက်စ်သည် အဲဗာတန်နည်းပြအဖြစ် တာဝန်ယူခဲ့စဉ်က အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့သော်လည်း မန်ယူနည်းပြ အဖြစ်ဆောင်ရွက်စဉ် ရလဒ်ဆိုးများကြောင့် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရသည်။ သူသည် ပရီမီယာလိဂ်နည်းပြအဖြစ် ပွဲပေါင်း ၈၅၀ တာဝန်ယူခဲ့ဖူးရာ ပွဲ(၁၀၀၀)လောက် ကိုင်တွယ်ခွင့်ရသည့် နည်းပြဖြစ်ခွင့်ရလိုကြောင်း၊ သို့သော်လာမည့်ဘောလုံးရာသီတွင် နည်းပြအဖြစ် ပြန်လည်ဝင်ရောက်လာမည်မှာ သေချာကြောင်း ပြောကြားခဲ့သည်။

## အား/ကာသိပ္ပံ(ရန်ကုန်) အောင်ပွဲရ ကစားသမားများအား ဂုဏ်ပြု

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် အား/ကာသိပ္ပံ (ရန်ကုန်)မှ ရွှေတံဆိပ်ဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းက အဆိုပါကျောင်းရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းပေါင်းစုံ ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမားများနှင့် အုပ်ချုပ်သူများ၊ နည်းပြအဖွဲ့ဝင်များအား အား/ကာ သိပ္ပံကျောင်းအုပ်ကြီးနှင့် ဒု-ကျောင်းအုပ်ကြီးများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

ယခုယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲတွင် အားကစားနည်း ၂၉ မျိုးထည့်သွင်းယှဉ်ပြိုင်ခဲ့ရာ အား/ကာသိပ္ပံ(ရန်ကုန်)က ရွှေ ၁၄၅ ခု၊ ငွေ ၁၁၀ ခုနှင့် ကြေး ၁၁၃ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင်ကျောင်းများအနက် ပထမနေရာတွင် ရပ်တည်ခဲ့သည်။ **(ဖိုးသော်ဇင်)**



နည်းပြရာထူး အတွက် မော်ရင်ဟိုနှင့် မန်ယူဆွေးနွေးခဲ့သည်ကို အဓိပ္ပာယ်မရှိသော ကောလာဟလဟု ဗန်ဟားလ်ဆို

မန်ယူအသင်းသည် ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုအား လက်ရှိနည်းပြဗန်ဟားလ်နေရာတွင် အစားထိုးရန်အတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဆိုသည့်သတင်းကို အဓိပ္ပာယ်မရှိသည့် ကောလာဟလ သက်သက်သာဖြစ်ကြောင်း နည်းပြဗန်ဟားလ်က ထုတ်ဖော်ပြောကြားလိုက်သည်။ ထို့ပြင် ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုအား လက်ရှိနည်းပြဗန်ဟားလ်ကို ဖိအားပေးရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဆိုသည့်သတင်းကိုလည်း မန်ယူအသင်းက ဆွေးနွေးထားခြင်း မရှိကြောင်း ပြောကြားခဲ့သည်ဟု ဗန်ဟားလ်က ဆိုသည်။

မော်ရင်ဟို၏ အေးဂျင့်ဖြစ်သူ ဂျော့မန်ဒက်စ်ကမူ မော်ရင်ဟိုနှင့် မန်ယူအသင်းဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ နည်းပြဗန်ဟားလ်သည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်း ၁၈ လကျန်ရှိနေသေးပြီး မော်ရင်ဟိုနှင့် မန်ယူအသင်းတို့၏ ဆက်ဆံရေးအခြေအနေကောင်းနေသည်ကိုလည်း မယုံကြည်နိုင်စရာပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ငွေကြယ်)**

## လက်စတာတိုက်စစ်မှူး ဂျေမီဗာဒီ အသင်းနှင့် သုံးနှစ်သက်တမ်းတိုး စာချုပ်သစ်ချုပ်ဆို

တိုက်စစ်မှူး ဗာဒီသည် လက်စတာစီးတီးအသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပြီး သုံးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်ကြယ်ပွင့် တိုက်စစ်မှူး ရှဗာဒီသည် ၂၀၁၂ ခုနှစ်တွင် ဖလိဝုဒ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် တစ်သန်းဖြင့် လက်စတာစီးတီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် လက်စတာစီးတီးအသင်းအား ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ရန် အထောက်အပံ့ပေးနိုင်ခဲ့သူဖြစ်သည်။

“လက်စတာစီးတီးအသင်းနဲ့အတူ အောင်မြင်မှုရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော် အတိုင်းမသိဝမ်းသာမိပါတယ်။ လက်စတာစီးတီးအသင်းနဲ့ ရေရှည်လက်တွဲသွားဖို့လည်း ဆုံးဖြတ်ထားပြီးပါပြီ”ဟု တိုက်စစ်မှူး ဗာဒီက ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဗာဒီသည် လက်ရှိတွင် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ယခုနှစ်ဘောလုံးရာသီ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေပြီး နိုဝင်ဘာလအတွင်းကလည်း ပရီမီယာလိဂ်ပြိုင်ပွဲတွင် ၁၁ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားလည်းဖြစ်လာခဲ့သည်။

ထို့ပြင် မန်ယူအသင်းနှင့် လက်စတာစီးတီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့်ပွဲစဉ်တွင် မန်ယူကစားသမားဟောင်း ရုဗန်နစ္စတယ်ရွိုင်း၏ စံချိန်ကိုလည်း ချိုးဖြတ်နိုင်ခဲ့သည်။ လက်စတာစီးတီးအသင်းသည်လည်း အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်လျက်ရှိသည့် မန်စီးတီးအသင်း၏ အိမ်ကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အမှတ်ပေးဇယားတွင် ငါးမှတ်ဖြတ်ကာ ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့သည်။

**(ငွေကြယ်)**

# ကွမ်းရွက်ဈေးနှုန်းမြင့်တက်၍ ကွမ်းစိုက်တောင်သူများ အဆင်ပြေ

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ်သည် ဆန်စပါးကို အဓိကထား စိုက်ပျိုးသောဒေသဖြစ်ပြီး အခြားသီးနှံများကိုလည်း ဆည်တော်ကြီး ဆည်တော်လေး ဆည်ရေသောက်စနစ်ဖြင့် သီးနှံများရာသီမရွေး စိုက်ပျိုးနိုင်သောဒေသဖြစ်သည်။ ယခုနှစ်တွင် အဆိုပါဒေသ၌ ကွမ်းစိုက်တောင်သူများ ကွမ်းအထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကွမ်းပင်က စစိုက်တဲ့တစ်ခါပဲ အရင်းအနှီးများတာ၊ နောက်နှစ်တွေကြတော့ အရင်း သိပ်မကုန်တော့ဘူး၊ ကွမ်းပင်ပျိုးထုပ်တစ်ထုပ်ကို ကျပ် ၅၀၀ ပေးရတယ်။ ကွမ်းတစ်ပင်ကို ထောင်ဝါးနဲ့တန်းဝါး၊ ဝါးသုံးလုံးခန့်ကုန်ကျတယ်။ ဝါးတစ်လုံးကို ကျပ် ၅၀၀ ပေးရတယ်။ တစ်ဧကကို ကွမ်းပင် ငါးထောင်ခန့် စိုက်ပျိုးနိုင်တယ်။ ကွမ်းပင်ကလယ်မြေကြိုက်တယ်၊ တစ်နှစ်တစ်ခါ နွားချေးနဲ့ လယ်မြေထည့်ပေးရတယ်။ အပင်သန်ဆေးနဲ့ ပိုးသတ်ဆေးကတော့ လိုအပ်တဲ့အချိန် အသုံးပြုတယ်။ ကွမ်းပင်ကရေလည်းကြိုက်တယ်။ ရေများရင်လည်း အပင်တွေမဲကုန်တာ၊ အပင်ကောင်းရင် တစ်နှစ်နှစ်ခါလောက် မြေကြီးထဲ အမြစ်ခွေပေးရတယ်။ ဒါမှ အပေါ်မတက်မှာ၊ အညွှန့်ထွက်ချိန်ဆို ခွေလို့မရဘူး၊ တပေါင်းလလောက်မှာ ခွေကြတာများတယ်။ ခုချိန်က ကွမ်းထွက်နည်းတယ် ၁၅ ရက်ခြားတစ်ခါခူးရတာ တစ်ဧကကို အချိန် ၅၀ လောက်ပဲထွက်တာ၊ မိုးရာသီဆိုရင် ၁၀ ရက်တစ်ခါခူးရတာ အချိန်လည်းပိုထွက်တယ်။ ထွက်ရှိတဲ့ကွမ်းရွက်များကို မန္တလေးမြို့နဲ့ မတ္တရာမြို့တို့မှ ကွမ်းရွက်ဒိုင်တွေက လာဝယ်ကြတယ်။ တစ်ပိဿာကို တစ်သောင်းသုံးထောင်ကျော် ရောင်းချရတယ်။ မိုးတွင်းဆိုရင် ကွမ်းပေါတော့ တစ်ပိဿာနှစ်ထောင်၊ သုံးထောင်သာ ရောင်းချရတယ်။ ခုချိန်က အထွက်နှုန်းနည်းပေမယ့် ဈေးကောင်းရတော့ အဆင်ပြေပါတယ်" ဟု ပုသိမ်ကြီးမြို့နယ်မှ ကွမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။



ယခုအချိန်တွင် မန္တလေးမြို့၌ ကွမ်းရွက်ဈေး မြင့်တက်မှုနှင့်ပတ်သက်၍ ကွမ်းယာဆိုင်ရှင် တစ်ဦးက "ကွမ်းရွက်က တစ်ပိဿာ တစ်သောင်းငါးထောင်ကျော်ပေးဝယ်ရတာ၊ အရင်က ငွေကျပ်တစ်ရာဖိုးဆိုရင် ကွမ်းယာသုံးယာပေးတာ၊ ယခု ကွမ်းနှစ်ယာပဲပေးတော့တာ၊ တချို့ဆိုင်တွေဆိုရင် ငွေကျပ်သုံးရာဖိုးမှ ငါးယာပဲပေးတော့တာ၊ ကွမ်းရွက်ဈေးတက်တော့ ကွမ်းယာ အရေအတွက်လျော့သွားတာပါ။ အအေးပေါ့သွားရင် ကွမ်းအထွက်နှုန်းကောင်းလာပြီး ဈေးကျမယ်ထင်ပါတယ်" ဟု မန္တလေးမြို့ မှ New City ကွမ်းယာဆိုင်ပိုင်ရှင် ဦးသန်းနိုင်စိုးက ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# စာဖတ်ရှိန်မြင့်မားရေးပွဲတော်ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် စာပေဟောပြောပွဲအခမ်းအနားကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာဖတ်ရှိန်မြင့်မားရေးပွဲတော် စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက ပခုက္ကူမြို့ အ-ထ-က(၁) ပညာရတနာခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် အ-ထ-က (ကျွန်းချောင်း)မှ မအိမြင့်မြတ်ခိုင်က ဆုရကဗျာကို ရွတ်ဆိုပေးခဲ့ပြီး ပခုက္ကူခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း (ဗဟို) အလုပ်အမှုဆောင် ဦးသန်းအေး(စလင်းဘုန်းကျော်)က စာဖတ်ရှိန်မြင့်မားရေးပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းဆွေးနွေး ပြောကြားကာ စာရေးဆရာ ဆရာညီပုလေးက စာအုပ်စာပေများအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဗဟို အဖွဲ့ဝင်ဦးသန်းအေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးညွန့်နိုင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အခြေခံပညာအထက်တန်းနှင့် အလယ်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆို ပြိုင်ပွဲစသည့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြသည်။

စာဖတ်ရှိန်မြင့်မားရေးပွဲတော်တွင် ပြိုင်ပွဲအမျိုးအစားလေးမျိုး ပါဝင်ခဲ့ကာ ပထမဆု ကျပ် ၄၅၀၀၀၊ ဒုတိယဆု ကျပ် ၃၀၀၀၀၊ တတိယဆု ကျပ် ၂၅၀၀၀ နှုန်း ချီးမြှင့်ခဲ့ပြီး အထူးဆုကို ကျပ် ၁၀၀၀၀ နှုန်းဖြင့် အထူးဆုငါးဆု ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# ဘုတလင်မြို့နယ်တွင် ကျေးရွာခြောက်ရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်

**ဘုတလင် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဘတ်ဂျက်ပိုလျှံငွေဖြင့် မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာသို့ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးနေဝင်းလှိုင်က ပြောသည်။

"ကျေးရွာတွေကို (၁၁)ကေဗွီအေ မီးလိုင်းကြိုးတွေဆွဲပြီးသွားပြီး အခုကျေးရွာတွင်း ခါတ်တိုင်တွေနဲ့ မီးလိုင်းတွေဆွဲနေပါပြီ။ ဖေဖော်ဝါရီ ၁၂ ရက်မှာ ကျေးရွာခြောက်ရွာလုံး လျှပ်စစ်မီးလင်းနိုင်အောင်လို့ လုပ်ဆောင်နေပါတယ်။ မြသိန်းတန်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းကနေ လျှပ်စစ်မီးကို ချိတ်ဆက်အသုံးပြုမှာပါ" ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူးက ပြောသည်။

ဘုတလင်မြို့နယ်အတွင်းရှိ ဘုတလင်၊ ကျောင်းကုန်း၊ မင်းကြီးကန်၊ ခိုးချောင်း၊ အောင်ဆန်းမြင့်နှင့် ချပ်ကလေးကျေးရွာတို့တွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာအရောက်မီးတိုင်နှင့် မီးလိုင်းကြိုး သွယ်တန်းခြင်းလုပ်ငန်းနှင့် ထရန်စဖော်မာဖြင့်ချိတ်ဆက်မည့် ဆက်စပ်ပစ္စည်းများအားလုံးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဘတ်ဂျက်ပိုလျှံငွေဖြင့် လည်းကောင်း၊ ကျေးရွာတွင်း မီးတိုင်များနှင့်မီးကြိုးများကို ကျေးရွာနေပြည်သူများစုပေါင်းထည့်ဝင်ငွေဖြင့် လည်းကောင်း၊ ထရန်စဖော်မာခြောက်လုံးကို အေးရိပ်ဝေ ဖောင်ဒေးရှင်းနှင့် အပေါင်းအသင်းများမှ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# မီးဘေးကြိုတင်ကာကွယ်တားဆီးရေးသရုပ်ပြဆောင်ရွက်

**မြို့သစ် ဖေဖော်ဝါရီ ၇**

မကွေးခရိုင် မြို့သစ်မြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် (DCPP) မီးသတ်ဆေးဘူးများအား ကိုင်တွယ်အသုံးပြုပုံ၊ မီးငြိမ်းသတ်နည်းစနစ်များနှင့် ဆီမီးလောင်မှုများကို မြို့မဈေးကြီးအတွင်းရှိ ဈေးရောင်းဈေးဝယ်များနှင့် မြို့နယ် ရပ်မိရပ်ဖများအား ဖေဖော်ဝါရီ ၄ ရက် နေ့လယ်ပိုင်းက မြို့မဈေးကြီးအတွင်းလက်တွေ့ သရုပ်ပြ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ လက်တွေ့သရုပ်ပြဆောင်ရွက်နေမှုများကို မြို့နယ်မီးသတ်ဦးစီးဌာနက မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်တစ်စီးတို့ဖြင့် သရုပ်ပြဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းနေ့သရုပ်ပြ ဆောင်ရွက်မှုများကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှူးရဲထွန်း၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းဝင်းနှင့်ဈေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဈေးသူဈေးသားများလာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# ဖလမ်း၌စာစီစာကုံး၊ ကျပန်းစကားပြောနှင့် ကဗျာရွတ်ပြိုင်ပွဲကျင်းပ

**ဖလမ်း ဖေဖော်ဝါရီ ၇**

ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်ကို အသုံးပြု၍ စာဖတ်သည့်အလေ့အထနှင့် အလေ့အကျင့်ကောင်းများရရှိရေး၊ အသိပညာဗဟုသုတများ တိုးပွားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဇုန်လွယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဖလမ်းမြို့အတွင်းရှိ ထက်၊ လယ်၊ မူအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် စာဖတ်ခြင်း၏အကျိုး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် စာအုပ်စာပေလူ့မိတ်ဆွေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကိုယ်ပိုင်စွမ်းအား ကဗျာခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိ ကျောင်းသား၊ ကျောင်းသူများကို ဖေဖော်ဝါရီ ၆ ရက် ဆုများချီးမြှင့်ကြောင်းသိရသည်။

**ခရိုင် ပြန်/ဆက်**

# မိုးပွင့်အထူးစီမံချက်အပိုင်း(၂)အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၇**

မိုးပွင့်အထူး စီမံချက်အပိုင်း(၂)အရ မြစ်ကြီးနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီခွဲက မန်ခိန်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းလွင်က နိုင်ငံသားစိစစ်ရေးကတ်များကိုကျောင်းအုပ်ဆရာကြီး ဦးစပ်ဂမ်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က နိုင်ငံသား အရည်အချင်းပြည့်မီသည့် ကျောင်းသား၊ ကျောင်းသူ ၉၉ ဦးတို့အတွက် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ပျောက်ပျက်မိတ္တူလျှောက်ထားသည့် ဆရာမသုံးဦးတို့အတွက် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

**(၄၉၉)**



# ဖရဲသီးဈေးကျဆင်း၍ ဝေါမြို့နယ်အတွင်းရှိ ဖရဲစိုက်တောင်သူများ အရှုံးပေါ်

**ဝေါ ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းရှိ ဖရဲစိုက်တောင်သူများသည် တရုတ်ပြည်သို့ မိမိတို့ဒေသထွက်ဖရဲသီးများအား တင်ပို့ရောင်းချလျက်ရှိရာ ဖရဲဈေးနှုန်းများ ကျဆင်းမှုကြောင့် အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

"ဖရဲဈေးက ကျသွားတယ်။တရုတ်နှစ်ကူးမို့ထင်တယ်။ ကားခ၊ အလုပ်သမားခ၊ စိုက်ပျိုးထွန်ယက်မှုစရိတ်၊ ဆေးဖိုးနဲ့ ပြန်တွက်ရင် လက်ရှိဈေးနှုန်းနဲ့ဆို အရှုံးပေါ်နေပြီ။ အခုကတော့ ဘုရားဖူးရာသီဆိုတော့ ဘုရားဖူးကားတွေကို အဓိကအားထားရောင်းချနေရတယ်။ ဖရဲ တစ်ဧကအရင်းက ၁၅ သိန်းနဲ့ သိန်း ၂၀ ကြားမှာရှိတယ်။ မနှစ်ကလည်း ရှုံးတယ်။ လက်ဦးဈေးနှုန်းက ကျတယ်။ နောက်ကျစိုက်တဲ့ တောင်သူတွေကတော့ မြတ်တယ်။ လာမယ့်နှစ် ဖရဲစိုက်ဖို့တောင် စဉ်းစားနေရတယ်" ဟု ဝေါမြို့နယ် ကားလမ်းမအနီးဖရဲရောင်းချနေသူ ဦးတင်ငွေကပြောကြားခဲ့သည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

■

**KMD Institute**

# ဖေဖော်ဝါရီလ(၉)ရက်နေ့တွင် ကွန်ပျူတာသင်တန်း အပ်နှံသူတိုင်းအတွက်အထူးအခွင့်အရေး

၉ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၆။ (အင်္ဂါနေ့) တစ်ရက်တည်းသာ

Application & Professional Courses
**20% OFF**
Special Discount

ISO

HOT LINE 09 262 600450

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ပန်းဆိုးတန်း | ၃၈၁၀၃၅ ၃၉၁၂၈၆ | မြေနီကုန်း | ၅၂၇၄၃၆ ၅၀၂၂၃၃ | လမ်းမတော် | ၂၂၀၅၅၅ ၂၃၀၃၀၈၁ | တာမွေ(၁)၊(၂) | ၅၄၁၃၂၈ ၅၄၆၆၀၀ | လှည်းတန်း(၁)၊(၂) | ၅၂၄၄၀၀ ၅၀၅၃၉၉ | သိမ်ကြီးဈေး | ၃၈၄၂၆၈ ၃၈၄၆၄၁ |



MMC Myanmar Metropolitan College
Where learning comes alive

တောက်ပသော သင့်အနာဂတ်ကို ဖန်တီးရန်
စီးပွားရေးနှင့် ခေါင်းဆောင်မှု ပညာရပ်များကိုသင်ယူလိုသူများအတွက်

တန်းခွဲသစ်များ အတွက် စတင် လက်ခံနေပါပြီ။

**MBA** awarded by UBIS University
- Swiss MBA
- Dual (Swiss/U.S.) MBA

Full-Time / Part-Time

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်

**HND** awarded by SQA, UK
- HND Business
- HND Business with IT
- HND Business with HRM
- HND Business with Accounting

Scholarship & Financial Aid Available

Find us on facebook

Hotline : 09 26 333 4223/4/5/6 , 09 4500 63108/9

ဖခင် အမည်မှန် — အထက ကော့မှူး၊ နဝမတန်း(D)မှ မောင်ချစ်မင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း[၁၂/ကမန(နိုင်)၀၁၂၅၇၉]ဖြစ်ပါသည်။ ဦးသန်းထွန်း

ဖခင် အမည်မှန် — မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက ဆင်ဖြူကျွန်းနဝမတန်း(D)မှ မောင်မင်းခအောင်၏ဖခင်အမည်မှန်မှာ ဦးမင်းသိုက်ဖြစ်ပါကြောင်း။ ဦးမင်းသိုက်[၈/စလန(နိုင်)၀၈၆၃၈၇]

## စီးပွားရေးတက္ကသိုလ်(၁၉၆၄-၆၈)နှစ် ဘွဲ့ရသူငယ်ချင်းများ၏ (၁၃)ကြိမ်မြောက် မိတ်ဆုံခရီးစဉ်

| | | |
|---|---|---|
| ခရီးစဉ်(၁) | - | သန်လျင်မြို့ဘုရားများဖူးရန် |
| ခရီးစဉ်(၂) | - | သန်လျင်သဒ္ဓမ္မဇောတိကာရုံ (ရွှေကျင်) ကျောင်းမှူလတန်းလွန် ဘ/က ကျောင်းတွင် လှူဒါန်းရန် |
| ခရီးစဉ်(၃) | - | မြမြင့်မိုရ်ဟိုတယ်ခန်းမ၊ သန်လျင် |
| ရက်စွဲ | - | ၁၂-၂-၂၀၁၆(ပြည်ထောင်စုနေ့) |
| အချိန် | - | နံနက် ၇နာရီတိတိထွက်ခွာပြီး ညနေ ၅နာရီခန့်ပြန်ရောက်ပါမည်။ |
| စုရပ် | - | ပင်မစီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ) |

မှတ်ချက်။ ။ (၁)ဘ/က ကျောင်းသား/သူများအတွက် ငွေ/ကျောင်းသုံးပစ္စည်း/အသုံးအဆောင်များကို ယူဆောင်လှူဒါန်းနိုင်ပါသည်။
(၂) သူငယ်ချင်းများ လက်ဆောင်လဲလှယ်ရန်အတွက် တစ်ဦးချင်းအမှတ်တရ ပစ္စည်းများ ယူဆောင်လာပါရန်။

လိုက်ပါလိုသူ သူငယ်ချင်းများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
၁။ ဒေါ်ခင်ဝင်းရီ-၀၉-၅၄၀၇၇၂၀
၂။ ဒေါ်နန့်မေစန်း-၀၉-၅၁၈၅၁၁၁

"တရားမပူအစနို့တစ်က" ဟု ဆိုရိုးစကားရှိရာ နို့တစ်အပေးမှားက တရားမပူကြီးတစ်ခုလုံး ရှုံးနိမ့်ရတတ်သဖြင့် နို့တစ်အပေးမမှားဖို့ ရှေ့နေမောင်မယ်သစ်လွင်များနှင့် ဥပဒေပညာလေ့လာလိုက်စားသူများဆောင်ထားသင့်သည့် ဦးမြင့်လွင် (တရားလွှတ်တော်ရှေ့နေ) ရေးသားပြုစုသည့်

# တရားမနို့တစ် ၁၀၀

တရားခွင်လက်တွေ့ အထောက်အကူပြုစာအုပ် မကြာမီထွက်ပါမည်။
လွင်စာပေ (ရန်ကုန်)။ ၀၉ ၇၃၀၈ ၂၃၁၁၊ ၀၉ ၂၅၄၅၀၈၅၉၇

ကုမ္ပဏီတည်ထောင်ခြင်း၊ ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအဆင့်များ၊ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးအသုံးအနှုန်းများ၊ မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ L/C, TT, သဘောတင်ခြင်း၊ အကောက်ခွန်နှင့်အခြားအခွန်အခများတွက်ချက်ခြင်း စသည်ဖြင့် . . .

## ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း

အပတ်စဉ်(၆၃)
သင်တန်းစရက် - ၁၃ - ၂ - ၂၀၁၆
သင်တန်းကာလ - ၃ပတ် (စနေ၊ တနင်္ဂနွေ - နံနက် ၇ မှ ၉း၁၅ နာရီ)

**အလင်းသစ်စာပေ**
အခန်း(၆၀၀)၊ အမှတ်(၁၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၅၄-၀၀၃၀၂၊ ၀၉-၈၇-၁၃၈၄၈

သင့်သွေးဖြင့် အသက်ကယ်ပါ

TO ANYONE WHO WANTS TO MASTER ENGLISH; ACADEMICALLY, PROFESSIONALLY, SOCIALLY WELL-PREPARED FOR

# 1NESS INTERNATIONAL SCHOOL

1NESS INTERNATIONAL SCHOOL — EXCITE - MOTIVATE - INSPIRE

**COURSES**
- Nursery or Preschool
- Kindergarten
- Primary 1 to Secondary (IGCSE 'O' LEVEL & A/As LEVELS)
- Cambridge Young Learners Courses
- Cambridge Adult Learners Courses
- Cambridge Exams-Oriented Courses
- Language Proficiency Courses
- Weekend Courses
- Summer Courses
- Vocational Trainings
- English for Moms and Dads.



ကျောင်းကားရှိသည်
Schoolbus Available

» Teaching Training (Feb- Apl)အတွက်လက်ခံပါပြီ။
» Summer Courses များ(1.3.2016 မှ 13.1.2016) အတွင်းကျောင်းသားလက်ခံပါပြီ။ (လူဦးရေကန့်သတ်ထားပါသည်။)

No.74/B, Aung Tha Pyay Road, Insein Township, Yangon.
01-644525, 09-5164660, 09 254302322, 09 782213959, 09-970554270, 09 264197665

# ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ဘော်ဒါ

(သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်း အထိ)

ICEC IDEAL CLASS EDUCATION CENTRE

# IDEAL CLASS EDUCATION CENTRE ICEC

ပညာရေးဝန်ကြီးဌာန ကိုယ်ပိုင်အထက်တန်းကျောင်း မှတ်ပုံတင်အမှတ်
ကက - ၁၃/၄၁/၀၇၁ (လှိုင်)မှတ်ပုံတင်အမှတ် - ကက - ၁၃/၀၇/၂၀၉ (တာမွေ)

**"စံ" ပညာ့ရိပ်သာ (လှိုင်)**
ခြံအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ် ရန်ကုန်မြို့။ Website : www.icecprivateschool.com
Tel : 09-300 59147, 09-300 59148, 09-795886818, 09-255965938

**"စံပြ" ကျောင်း (တာမွေ)**
(A-5) မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း နတ်ချောင်းရပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09 7316 6911, 09-2559 65939, 09-7316 2577, 09 7996 43183

**"စံမီ" ကျောင်း (လှိုင်သာယာ)**
အမှတ်(၆၉၁/ခ-၂) ညောင်တုန်းလမ်းနှင့် ကျုံစစ်သားလမ်းထောင့် လှိုင်သာယာမြို့နယ်။ ရုံးရှေ့မှတ်တိုင်(ယခင်-ဝင်းသူဇာဆိုင်)
Tel : 09-44037 8745, 09-44037 8746, 09-78527 4023

၂၀၁၆-၁၇ ပညာသင်နှစ်အတွက် လှိုင်သာယာ ICEC ကျောင်းခွဲကို လာမည့် ဖွင့်လှစ်လိုက်ပါပြီ။ (ကျောင်းအပ်လက်ခံနေပြီ)


POLO CLUB (ASIA)
RESIDENCE
恭喜发财
HAPPY PROSPEROUS LUNAR NEW YEAR 2016
WWW.POLOCLUBASIA.COM
HOTLINES : 09-795889588 | 09-796889688 | 09-797889788
Sales Gallery | No 51/A, Corner of East Race Course Road and Laydaungkan Road
Tamwe Township, Yangon, Myanmar


ForEver
Gems
by ရွှေနန်းတော်
12,13,14 February 2016
BIG DEALS FOR 3 DAYS ONLY
Happy Valentine Day
အထူးအစီအစဉ်
5% to 50% off
New Arrival
ဝယ်ယူအားပေးသည့် ရတနာချစ်သူ မိတ်ဆွေများအတွက်
Valentine's Day အထိမ်းအမှတ်အဖြစ်
အသည်းပုံပန်းရောင်စေတာလုံးများနှင့် ချောကလက်များကို
လက်ဆောင်ပေးမည်ဖြစ်ပါသည်။
ဆိုင်(၁)
အမှတ်-၃၄၃၊ မဟာဗန္ဓုလလမ်းနှင့်
လမ်းမတော်လမ်းထောင့်၊သံချေးမီးပွိုင့်အနီး၊
Ph: 01-210572,01-229409, 01-227212
ဆိုင်(၂)
အမှတ်-၆၈၅၊ ၁၉ လမ်းနှင့်
မဟာဗန္ဓုလလမ်းထောင့်၊
Ph:01-211728, 01-226977,01-228751
ဆိုင်(၃)
မြေညီထပ်၊
Junction Square Shopping Centre
Ph: 09-731 45462,09-731 45463
ဆိုင်(၄)
(G-05A), မြေညီထပ်၊
Myanmar Centre Plaza
(HAGL, Near Sedona Hotel)
Ph: 09-2653 99966, 09-2653 99977, 09-2653 99988.


ယူနိုက်တက်ဗိုးရှင်း မျက်စိအထူးကုဆေးခန်းနှင့်မျက်မှန်ဆိုင်
ပိုဝိုလဲတိကျတယ်... ဈေးနှုန်းလဲချိုသာတယ်...
ခေတ်မီစက်ကိရိယာတွေ သုံးတဲ့အတွက် မြန်နေလှပ်ရင် မြန်နေရတယ်...
မျက်စိအထူးကုဆရာဝန်ကြီးတွေ ကိုယ်တိုင် စမ်းသပ်ခွဲစိတ်ကုသပေးတယ်...
ကမ္ဘာ့အဆင့်မီ Branded ကိုင်းမျိုးစုံရှိတယ်...
အတွင်းတိမ်ခွဲစိတ်ရန် (ECCE) လက်ဖြင့်ခွဲပြီး (I.O.L) မျက်တွင်းမှန်ထည့်ပေးခြင်း
Phaco Emulsifier (Ultra Sound System) ဖြင့် အတွင်းတိမ်ကို ချေမွစုပ်ယူပြီး
(Foldable I.O.L) အလွန်သေးငယ်၍ ခေါက်ထည့်ရသော မျက်တွင်းမှန်
ထည့်ပေးခြင်းများကို ဆောင်ရွက်ပေးနေပါပြီ...
ရန်ကုန်ဆိုင်ခွဲ
အမှတ်(၂၆၃)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၉၉၃၉၊ ၀၁-၃၈၄၈၃၈၊ ၀၁-၂၅၂၇၃၈
အမှတ်(၂၆၂)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၀၇၈၅
အမှတ်(၆၆/၆၈)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၃၂၃၁၇၊ ၀၁-၂၃၀၄၂၉၄
အမှတ်(၃၈/E)၊ လေးထောင့်ကန်လမ်းမ၊ သဃ်န်းကျွန်းဈေးရှေ့ ဇဝန၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၆၅၉၂၂
မန္တလေးဆိုင်ခွဲ
၇၈ လမ်း၊ ၂၇ × ၂၈ ကြား၊ အမှတ်(A-3)၊ ဘုတာကြီးမြောက်ဘက်၊ မန္တလေးမြို့။ ဖုန်း ၀၂-၆၈၇၈၆၊ ၃၄၄၄၂
Diamond Plaza၊ မြေညီထပ်၊ ၇၈ လမ်း၊ ၃၃ × ၃၄ ကြား၊ ဆိုင်အမှတ် (G-042/043) စက်လှေကားအနီး။ ဖုန်း ၀၉-၉၁၀၂၇၀၃၄
၈၄ လမ်း၊ ၂၉ × ၃၀ ကြား၊ ဆိုင်အမှတ် (53/54 B) မန္တလေးမြို့။ ဖုန်း ၀၂-၃၁၇၈၁
ငွေကြေးမတတ်နိုင်သူများကို အပတ်စဉ်
တနင်္လာနေ့ နေ့လည် (၁း၀၀) နာရီမှည (၇း၃၀) နာရီထိ
မျက်စိအထူးကုဆရာဝန်ကြီးများ ကိုယ်တိုင်
အခမဲ့ စမ်းသပ် ခွဲစိတ်ပေးနေပါသည်။
နီးစပ်ရာဆိုင်ခွဲများတွင် ဖုန်းဖြင့်ဖြစ်စေ
လူကိုယ်တိုင်ဖြစ်စေ ကြိုတင်
စာရင်းပေးသွင်းနိုင်ပါပြီ။
အခမဲ့ခွဲစိတ်ပေးမည့် အစီအစဉ်များကို ရန်ကုန်ဆိုင်ခွဲ များတွင်သာ ဆောင်ရွက်ပေးပါမည်။

ကြော်ငြာ

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး

## ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)

## အသက်(၈၀)

**စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ နှင်းဆီဖြူလမ်း၊ အမှတ်(၈၄၊၈၅)နေ (ဦးမော်-ဒေါ်အေးယုံ)တို့၏ သား၊ (ဦးပွ-ဒေါ်နန်းဆွယ်)တို့၏ သားသမက်၊ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသူရိန်ကျော် (ဌာနမှူး၊ တိ/ကုဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)-ဒေါ်နန်းကလျာဝင်း (CEO, Asian Fame Media Group)၊ ဦးကျော်ကျော်စိန် (ထူးမော်ကုမ္ပဏီ)-ဒေါ်နန်းရတနာဝင်း၊ ဦးအောင်မိုးကျော်(ရွှေဖြူမိုးရာဘာစိုက်ပျိုးထုတ်လုပ်ရေးကုမ္ပဏီ)-ဒေါ်နန်းရွှေဝါဝင်း၊ [စိုင်းဝဏ္ဏ(ခ)ကိုဇော်ဝင်းမြင့်]တို့၏ ချစ်လှစွာသော ဖခင်၊ မခင်စန္ဒာဝင်း၊ မမိုးသက်ထား၊ မောင်မျိုးသီဟသော်၊ မအေးမြတ်မွန်၊ မောင်စည်သူကျော်ဝင်းတို့၏ ချစ်လှစွာသောအဘိုး ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)သည် ၆-၂-၂၀၁၆ (စနေနေ့) ထိုင်းစံတော်ချိန် ညနေ ၄း၅၂ နာရီတွင် ထိုင်းနိုင်ငံ Bangkok Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး

## ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)

## အသက်(၈၀)

**စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ နှင်းဆီဖြူလမ်း၊ အမှတ်(၈၄၊၈၅)နေ (ဦးမော်-ဒေါ်အေးယုံ)တို့၏ သား၊ (ဦးပွ-ဒေါ်နန်းဆွယ်)တို့၏ သားသမက်၊ (ဦးခင်မောင်)၏ညီ၊ (ဦးကျော်ဇံ)-ဒေါ်တင်ကြည်၊ (ဒေါ်မြတင်)တို့၏ မောင်၊ ဦးအုံးမောင်-(ဒေါ်ခင်ဝင်း)တို့၏ အစ်ကို၊ (ဦးစိုင်းမောင်ကြီး-ဒေါ်မြင့်မြင့်သန်း)၊ ဦးစိုင်းမောင်ငယ်-ဒေါ်နန်းခင်စောမြင့်၊ ဦးစိုင်းဘထွန်း-ဒုတိယဗိုလ်မှူးကြီးဒေါ်စန္ဒာမြင့်၊ ဒေါ်နန်းလက်ာ၊ ဦးကျော်ဆန်း-ဒေါ်နန်းယာမိတစ်(ခ)ဒေါ်လှလှအေး၊ ဦးစိုင်းပြုံးချို-ဒေါ်စန္ဒာဦး၊ ဦးစိုင်းထွန်းမြင့်-ဒေါ်ခင်စန်းနွဲ့၊ (ဗိုလ်မှူးတိုးလင်း)-ဒေါ်နန်းသီတာ၊ ဒေါ်နန်းနီလာတို့၏အစ်ကို၊ ဒေါ်ခင်ချိုဦး၏ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)သည် ၆-၂-၂၀၁၆ (စနေနေ့) ထိုင်းစံတော်ချိန် ညနေ ၄း၅၂ နာရီတွင် ထိုင်းနိုင်ငံ Bangkok Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

**အသက်(၈၀)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) အသက်(၈၀)သည် ၆-၂-၂၀၁၆ (စနေနေ့) ညနေ ၄း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

**အသက်(၈၀)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) အသက်(၈၀) သည် ၆-၂-၂၀၁၆ (စနေနေ့) ညနေ ၄း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်း မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

**အသက်(၈၀)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) အသက် (၈၀)သည် ၆-၂-၂၀၁၆ (စနေနေ့) ညနေ ၄း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစု**

**သမဝါယမ ဝန်ကြီးဌာန**

---

## ဒေါ်မိုးသီတာအောင် (၅၁)နှစ်

**ဒု-လဝကမှူး (ဗိုလ်တထောင်မြို့နယ်)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ နှင်းဆီ(၁)လမ်း၊ အမှတ်(၁၈၉)နေ ဒုတိယဗိုလ်မှူးကြီးခင်မောင်ထွေး(ငြိမ်း)-(ဒေါ်တင်တင်မေ)တို့၏သမီးကြီး၊ ဗိုလ်မှူးမျိုးသန့်အောင်(ငြိမ်း) (လက်ထောက်အတွင်းဝန်) (သမဝါယမဝန်ကြီးဌာန)-ဒေါ်ရီရီအောင်၊ ဦးစိုးမိုးအောင် (1/E MTM Ship Management Pte, Ltd.)၊ ဒေါ်သီဂီအောင် (ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဦးရဲသွင်-ဒေါ်စိုးစိုးမြင့်၊ ဦးဝင်းနိုင်ထွန်း-ဒေါ်လတ်လတ်အောင်တို့၏ အစ်မ၊ ဦးတင်ကိုလတ်(လူဝင်မှုကြီးကြပ်ရေးမှူး) (မရမ်းကုန်းမြို့နယ်)၏ ဇနီး၊ မောင်ပြည့်ဖြိုးကိုကိုအောင် (Grade XI)၊ (အထက-၁၊ မြောက်ဥက္ကလာပ၊ မအေးချမ်းမိုး (Grade VII)၊ (အလက-၄ မင်္ဂလာဒုံ)တို့၏မိခင်သည် ၆-၂-၂၀၁၆ (စနေနေ့) ညနေ ၆ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၆ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးမြိုင်(ဘိုကလေး) (၉၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန်(၄)လမ်း၊ အမှတ် (၁၉၆/ခ)နေ (ဦးချမ်းသာ-ဒေါ်ယု)တို့၏သား၊ (ဦးထွန်းဇံ)-ဒေါ်နွဲ့နွဲ့၊ ဦးထွန်းရွှေ(တရားလွှတ်တော်ရှေ့နေ) - ဒေါ်တင်တင်သန်း၊ (ဦးဝင်းတင်)-ဒေါ်စန်းစန်းမြင့်၊ ဦးမောင်မောင်-ဒေါ်တင်တင်နု၊ ဦးအောင်မြင့်-ဒေါ်နှင်းဆီ၊ ဒေါ်စိုးစိုးသန်း၊ ဒေါ်ညိုညိုသန်း(အမက-၁၀၊ သင်္ဃန်းကျွန်း)တို့၏ ဖခင်၊ မြေး ၁၂ယောက်၊ မြစ်ကိုးယောက်တို့၏ဘိုးဘိုးကြီး ဦးမြိုင်သည် ၆-၂-၂၀၁၆ရက် ညနေ ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးလှမြင့်(သုဝဏ္ဏ) (၉၃)နှစ်

**(ဒု-အရာခံဗိုလ်-ငြိမ်း)**

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ တိုက်(၁၀၅)၊ အခန်း(၆)၊ ပျဉ်းမမြိုင်လမ်းနေ (ဒေါ်ခင်စန်းရီ)၏ခင်ပွန်း၊ (ဒေါ်ကြူကြူမြင့်)၊ ဦးဇော်မြင့်-ဒေါ်နီလာမြင့်၊ ဦးဝင်းမြင့်-ဒေါ်မိမိအောင်၊ ဦးမင်းအောင်-ဒေါ်သန္တာမြင့်၊ ဦးမျိုးဇော်လတ်-ဒေါ်စန္ဒာမြင့်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်စည်သူအောင်၊ မောင်ဝေယံဝင်းမြင့်၊ မောင်ရဲမင်းဦး၊ မသက်မှူးဟေသီ၊ မဆုပြည့်မြတ်နိုး၊ မသဒ္ဒါမြတ်နိုးတို့၏ အဘိုးသည် ၆-၂-၂၀၁၆(စနေနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၆ (တနင်္လာနေ့) မွန်း တည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၆ (သောကြာနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဆရာမကြီး

## ဒေါ်သိန်းသိန်းနွယ်(ငြိမ်း)(၇၈)နှစ်

**(မန္တလေး စိန်ပီတာကျောင်း)**

မန္တလေးမြို့နေ (ဒေါ်လှရင်)၏ သမီး၊ ဗိုလ်မှူးဘကြည်(ငြိမ်း)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးဇော်မင်းဦး - ဒေါ်သဥ္ဇာ Panasonic Asia Pacific Pte, Ltd (Myanmar Branch)၏ မိခင် မောင်သုတ၏အဘွားသည် ၇-၂-၂၀၁၆ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လှိုင်မြို့နယ်နေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

**အသက်(၈၀)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) အသက်(၈၀)သည် ၆-၂-၂၀၁၆ (စနေနေ့) ညနေ ၄း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)

## အသက်(၈၀)

**စစ်ရေးချုပ်(ငြိမ်း)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) အသက် (၈၀)သည် ၆-၂-၂၀၁၆ (စနေနေ့) တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက် မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

**အသက်(၈၀)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) အသက်(၈၀)သည် ၆-၂-၂၀၁၆ (စနေနေ့) ညနေ ၄း၅၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)-(ဒေါ်ကြည်ကြည်အုန်း) မိသားစု**

---

# အနိစ္စ

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး

## ဒေါ်လေးမိ(Lucy) (၇၅)နှစ်

**ဒုလက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့စားသောက်ကုန်လုပ်ငန်း**

မန္တလေးမြို့နေ (ဦးဘခိုင်-ဒေါ်ရှင်)တို့၏သမီးချွေးမ၊ သီပေါမြို့နေ ဦးရှိုးရီ-ဒေါ်မမလေး)တို့၏ သမီး၊ [ဦးဝင်း (ညွှန်ကြားရေးမှူး၊ MOGE၊ စွမ်းအင်ဝန်ကြီးဌာန)]၏ဇနီး၊ (ဦးအောင်မြင့်-ဒေါ်ရွှေသာ)၊ (ဦးမြင့်မောင်-ဒေါ်မေရီ)၊ (ဦးတင်အောင်-ဒေါ်ကြည်ကြည်ဝင်း)တို့၏ညီမ၊ ဦးဇော်ဝင်း(Yuri Trading-ဒေါ်ဝင်းမာစိုး(Eden Group)၊ ဦးသိန်းဝင်း(ပြုံးချိုဘိစကစ်)-ဒေါ်ချောစုဝင်း (Petronas Carigali)၊ ဦးသန်းထွဋ်ဝင်း (MCB, KBZ) - ဒေါ်ဥမ္မာအောင် (UNDP)တို့၏မိခင်၊ မခိုင်အိမွန်(PCP)၊ မောင်ပြည့်ဖြိုးထက်ခိုင်၊ မသဲစုဝင်းတို့၏ အဘွားသည် ၆-၂-၂၀၁၆ရက် ည ၈း၄၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၂ နာရီအထိ အမှတ် (SH-4B)၊ ယုဇနလမ်း၊ မြကန်သာအိမ်ရာ၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မာနု (၆၈)နှစ်

**(ပုဇွန်တောင်)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ် (၄၉၇/၄၉၈)၊ ပထမထပ်နေ (ဦးစိန်-ဒေါ်ပဲ)တို့၏သမီး၊ (ဦးအုန်းညွန့်-ဒေါ်ကြင်ရွှေ)တို့၏သမီးချွေးမ၊ [ဦးမြမှို (ကားဝပ်ရှော့ဆရာကြီး)]၏ဇနီး၊ ဦးမောင်စိ-(ဒေါ်တင်ကြည်)၏ညီမ၊ ကိုတင်မိုးအောင်-မခင်မြတ်ဦး (ကောင်းပြည့်ထမင်းချိုင့်ပို့ဆောင်ရေး)၊ (ကိုသက်ဦး)၊ ကိုသက်ထွန်းတို့၏မိခင်၊ ကိုစိန်ခိုင်၊ ကိုပတ္တမြား၊ မစီစီစိန်၊ ကိုထွန်းနောင်၊ မတင်မျိုးအောင်တို့၏အဒေါ်၊ မအောင်ကြင်းခင်ညွန့် (B.Tech 4th Year TTU)၊ မရွှေရည်မိုးသွယ်တို့၏အဘွားသည် ၆-၂-၂၀၁၆ (စနေနေ့) ည ၁၁း၂၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၆ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

သံတွဲခရိုင်အသင်း(ရန်ကုန်)

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး

## ဦးခင်မောင်ကြီး(သံတွဲ)

## အသက်(၇၇)နှစ်

သံတွဲမြို့နယ်၊ မြပြင်ရွာနေ (ဦးဖိုးဖြူ-ဒေါ်အေးညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၆၅/M)၊ မြလမ်း၊ ကျိုက္ကဆံရပ်ကွက်နေ ဒေါ်သောင်းနု၏ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းနိုင်(ကျောင်းအုပ်ကြီး အထက-၅၊ မရမ်းကုန်း)၊ ဒေါ်ခင်မာရီ၊ ဦးသန်းထွဋ်မင်း၊ ဒေါ်ကြည်သန်းတို့၏ ဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၆-၂-၂၀၁၆ ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) သံတွဲခရိုင်အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

## ဒေါ်အေးကြည် (၅၈)နှစ်

**(တောင်စွန်း၊ မြို့မရပ်ကွက်)**

ယက္ကန်းသည်မကျေးရွာ၊ တောင်ကျောင်းဆရာတော်၊ ဦးအာဒိစ္စအားအမှူးထား၍ ကျိုက်ထိုမြို့၊ မရမ်းချောင်းကျေးရွာနေ ဦးအောင်မောင်း-ဒေါ်တင်ရွှေတို့၏သမီး၊ လှည်းကူးမြို့နယ်၊ ဆားတလင်းကျေးရွာနေ (ဦးအုံးမြင့်-ဒေါ်မြရင်)တို့၏သမီးချွေးမ၊ မုပ္ပလင်ကျေးရွာနေ ဦးကြည်ဝင်း-ဒေါ်ရီရီဝင်း၊ ဒုအရာခံဗိုလ်တင့်လွင်(တပ်မတော်-ရေ)-ဒေါ်စုစုမာ၊ ဦးအောင်ကျော်မင်း [ဒွန်ဘန်းစခန်းတာဝန်ခံ(အကျဉ်းဦးစီး)]-ဒေါ်မော်မော်လွင်တို့၏အစ်မ၊ ရန်ကုန်မြို့၊ ကံဘဲ့စည်ပင်ဝင်း၊ တိုက်(B-3)၊ အခန်း(၂၀၁)နေ ဒေါ်စုမြတ်ဟန်၊ ဦးဟန်ကိုကို (တရားစွဲတာဝန်ခံ YCDC)-ဒေါ်အိမွန်ထွေး၊ ဒေါ်သီသီဟန်(လ/ထကြီးကြပ်ရေးမှူး၊ မြောင်းမြအကျဉ်းထောင်)၊ ဦးညီညီဟန်(တောင်စွန်းအကျဉ်းဦးစီး)တို့၏မွေးသမိခင်၊ ဦးအေးဟန်(အကျဉ်းဦးစီး-ငြိမ်း)၏ဇနီး ဒေါ်အေးကြည်သည် ၆-၂-၂၀၁၆(စနေနေ့) ည ၉း၄၅ နာရီတွင် ရန်ကင်းမြို့နယ်၊ ကံဘဲ့စည်ပင်ဝင်း၊ တိုက်(B-3)၊ အခန်း(၂၀၁)၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၆ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်စိန်(ပန်းတနော်)(စက်မှု-၁၊ ငြိမ်း) (၈၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၆၄)၊ နှင်းဆီလမ်း၊ သုံးလွှာ(A)နေ (ဒေါ်လေးညွန့်)၏ခင်ပွန်း၊ ပန်းတနော်မြို့နေ ဦးလှမြင့်(ဦးဘွတ်တား)-ဒေါ်သောင်းဦးတို့၏အစ်ကိုကြီး၊ ဒေါ်ခင်အေး(မန်နေဂျာ၊ သုတေသနဌာန၊ စက်မှုဝန်ကြီးဌာန-ငြိမ်း)၊ ဦးစိန်အေး(C.CM.Co., Ltd. member of Naing Group)-ဒေါ်လှလှသိန်း (အထက-၇၊ အလုံ)၊ ဦးကျော်မောင်-ဒေါ်ခင်ခင်အေး (အထက-၇၊ အလုံ)၊ (ဦးစိန်ထွန်း)-ဒေါ်အေးအေးမာ၊ ဦးစိန်သန်း(ဟံသာဝတီကားပွဲစားတန်း)၊ ဦးဉာဏ်စိုး၊ မသီတာအောင်တို့၏ဖခင်၊ မောင်ဇင်အောင် (Hai Soon 48)၊ Dr. အောင်သူ၊ မအိချိုစံ၊ (တိုက်နယ်ဆေးခန်းတောကျောင်းပန်းတနော်မြို့)၊ မောင်ဥက္ကာကျော်မောင် (G-10-F, TTC၊ ကမာရွတ်)၊ မောင်ကျော်စည်သူစိန်ထွန်း( G-10၊ အထက-၇၊ အလုံ)တို့၏အဘိုးသည် ၆-၂-၂၀၁၆(စနေနေ့) ည ၆း၃၀နာရီတွင် အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂-၁၆ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်(လဝက-ငြိမ်း) အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့နေ (ဦးပုလေး-ဒေါ်သိမ့်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးစိုးသိန်း-(ဒေါ်ခင်လှ-ဒေါက်တာထင်စည်)-ဒေါ်သန်းမြင့်တို့၏အစ်ကို၊ မန္တလေးမြို့နေ ဦးပြည်စိုး-ဒေါ်အေးအေးသန်း၊ (၂၇)လမ်း၊ (၅၁)လမ်း×(၅၄)လမ်းကြား၊ ကန်ကောက်ရပ်နေ ဦးဉာဏ်နောင်-ဒေါ်ခိုင်ဖြူသက်၊ ဦးပြည်မိုး-ဒေါ်ခင်စန်းကြည်တို့၏ဖခင် မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ဌေးမြင့်(ကုန်သွယ်ရေး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်သည် ၇-၂-၂၀၁၆ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၂-၂၀၁၆(တနင်္လာနေ့) နံနက် ၁၀နာရီတွင် အဆိုပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ကျောင်းဒါယကာကြီး

## ဒေါက်တာဦးအေးလွင်(ညောင်တုန်းမြို့) (၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးရှမ်းဘုံ-ဒေါ်နန်းလှိုင်)တို့၏သား၊ ဥက္ကံမြို့နေ (ဦးစစ်လွင်)-ဒေါ်ထွေးရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၆)၊ (၁၁)လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ခင်ဦးလွင်၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးကြည်ဝင်း-ဒေါ်ရီရီလွင်၊ ဦးမြင့်ဌေး-ဒေါ်စန်းစန်းလွင်၊ (ဒေါက်တာတင်ရွှေ)-ဒေါ်နီနီလွင်၊ ဒေါက်တာသိန်းလွင်-ဒေါ်ဖြူဖြူလွင်၊ ဦးမောင်မောင်သန်း-ဒေါ်မေသက်လွင်၊ ဦးသိန်းလွင်-ဒေါ်အေးမီတို့၏ ချစ်လှစွာသောအစ်ကိုကြီး ဒေါက်တာဦးအေးလွင်သည် ၇-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၆(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အရာခံဗိုလ်ညွန့်ဟန်(ကပ/၉၆၄၁) ရေ(ငြိမ်း) (၇၂)နှစ်

ကရင်ပြည်နယ်၊ဘားအံမြို့နယ်၊ကော့လိုက်ကျေးရွာနေ (ဦးဝမ်-ဒေါ်သန်းမေ)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ (၄)လမ်း၊ အမှတ် (၆၉၂)နေ ဒေါ်မြမြဝင်း၏ခင်ပွန်း၊ ဦးကျော်မျိုးဟန်-ဒေါ်စန္ဒာဝင်း၊ ဦးကျော်စိုးဟန်-ဒေါ်မိုးမိုးအေး၊ ဦးအောင်ကိုဟန်တို့၏မွေးသဖခင်၊ မချယ်ရီမျိုးဟန်၊ မဆွေဇင်ဝင်းလဲ့တို့၏အဘိုးသည် ၆-၂-၂၀၁၆(စနေနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၂-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီတွင် အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး

## ဒေါ်စိန်ကျင်(မြိတ်မြို့) အသက်(၇၀)

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

**Vice Chairman (Star Resources Co., Ltd)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ရွှေလဝင်းလမ်း၊ အခန်း(၉၀၄)၊ ရှစ်လွှာ၊ ဗားကရာကွန်ဒိုနေ ဦးစံမြင့် (Chairman, Star Resources Co., Ltd)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်စိုး (Director, Star Resources Co., Ltd)-ဒေါ်ခင်မာဝင်း၊ ဒေါ်နေရည်အောင်(Managing Director, Star Resources Co., Ltd)-ဦးကျော်နိုင်ဦး (Director, Star Resources Co., Ltd)၊ ဦးမျိုးနိုင် (Director, Star Rtesources Co., Ltd)-ဒေါ်ယဉ်ယဉ်သန့်တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မပွင့်လင်းပိုင်၊ မောင်ရဲဂေါင်၊ မမေဖူးသန့်၊ မအိဇင်ဇင်နိုင်၊ မောင်ကောင်းမြတ်၊ မောင်ခန့်ဇော်ဟိန်းတို့၏ချစ်လှစွာသောအဘွားသည် ၇-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၀၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၆(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မဇင်မာလင်း(အထက-၂၊ လသာ) (၄၄)နှစ်

**T.S.I Myanmar Co., Ltd**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၈)လမ်း၊ အမှတ်(၄၃)၊ ခြောက်လွှာ(B)နေ ဦးဇော်လင်း-ဒေါ်မြင့်မြင့်တို့၏သမီးကြီး၊ ဒေါက်တာဇာခြည်လင်း(ပင်လုံဆေးရုံ)၏အစ်မ၊ ဒေါ်အေးသန်း(လယ်အုပ်-ငြိမ်း)၊ ဒေါ်ယဉ်တင့်၊ ဒေါ်ကြူကြူ ဦးသိန်းနိုင်အေး၊ ဒေါ်ယဉ်ထွေးတို့၏တူမ၊ ရဲမာန်ဟိန်း၊ ပြည့်မြတ်ခင်(စင်ကာပူ)တို့၏အစ်မ မဇင်မာလင်းသည် ၇-၂-၂၀၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## Fong Ngoon Kyin (ခ)

## ဦးလှဆွေ (၇၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်လမ်း၊ ခြံအမှတ်(၁၁)၊ ပတ်ဆွေဘုရားကျောင်းဝင်းနေ (ဦးဖောင်စုစင်-ဒေါ်ဝေါင်ငုတ်ဆောင်)တို့၏သားထွေး၊ ရန်ကုန်မြို့၊ (၁၆)လမ်းနေ (ဦးဝေါင်ငွန်ကောင်း-ဒေါ်လီဖိန်ဝှမ်း)တို့၏ သားသမက်၊ ဝေါင်ကျင်အွယ်(ခ)ဒေါ်လှသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဗိုလ်ဗိုလ်ဦး-ဒေါ်အိအိဇော်၊ ဦးမျိုးမျိုးအောင်၊ ဦးသန်းထွေး၊ Rachel Fong (ခ)ဒေါ်ညိုဇင်လှ (U.S.A)၊ Dawson Fong (ခ) ဦးထူးထူးအောင်-ဒေါ်စန်းသီတာလှိုင်(U.S.A)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မအိသဉ္ဇာဗိုလ်၊ မောင်ဉာဏ်လင်းဗိုလ်၊ Brady Fong (ခ) မောင်စိတ္တရတို့၏ ချစ်လှစွာသောအဘိုးသည် ၅-၂-၂၀၁၆ ရက် နံနက် ၀၀း၄၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၆ ရက် နံနက် ၁၁ နာရီတွင် ရေဝေးကောင်းတုံ တရုတ်သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

## ဒေါ်နှင်းရီ (၈၂)နှစ်

ကျုံမငေးမြို့

ကျုံမငေးမြို့၊ ပုလဲအောင်မြေရပ်ကွက်၊ ကန္တားလမ်းနေ (ဦးသိန်းမောင်)၏ဇနီး၊ ကိုမောင်ဦး၊ မသီတာ (အောင်မြန်မာထွန်းဆန်စက်)၊ ကိုကျော်ဦး၊ မိမိခိုင်(အလုံ)၊ ကိုအောင်ကျော်ခိုင်(ခ) ဝတုတ်-မအေးအေးခိုင်တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်နှင်းရီသည် ၆-၂-၂၀၁၆ (စနေနေ့) ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မြန်မာ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

Hot Line No-0930500100

# (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး တက်ရောက်

သတင်း စာမျက်နှာ » ၃

# BRT Lite စနစ်ဖြင့် ဘတ်စ်ကား စတင်ပြေးဆွဲ

## "ဆွဲတင်၊ တွန်းချ၊ ပြိုင်မောင်း၊ လုမောင်းနှင့် ငွေအကြွေပြဿနာများ ကင်းဝေးစေမည်"

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်မြို့တွင် တစ်ဦးတစ်ယောက်ချင်းပိုင်မော်တော်ယာဉ်များစုစည်းပြေးဆွဲခဲ့သည့် ဘတ်စ်ကားလိုင်းစနစ်များကို နှစ်ပေါင်းများစွာ စီးနင်းခဲ့ရာမှ အဆိုပါ ဆွဲတင်၊ တွန်းချ၊ ပြိုင်မောင်း၊ လုမောင်းနှင့် ငွေအကြွေပြဿနာ၊ ဝန်ဆောင်မှုအားနည်းသော ဘတ်စ်ကားလိုင်းစနစ်များမှ ကင်းဝေးစေပြီး အများပြည်သူဝန်ဆောင်မှုကို အားပြုမည့် BRT Lite စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲမှုကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက စတင်ပြေးဆွဲအကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဘတ်စ်ကားခရီးစဉ်များကို အကောင်အထည်ဖော်ပြေးဆွဲရာတွင် ယာဉ်နောက်လိုက်များထားရှိမည်မဟုတ်ဘဲ နိုင်ငံတကာသုံး ကတ်စနစ်ဖြင့် ယာဉ်ပေါ်အတက်တွင် ယာဉ်စီးနင်းခ စက်တွင် ပိုင်းဖြတ်သွားသည့်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်သည်။ ယင်းသို့ ကတ်စနစ်စတင်အသုံးပြုရန်အတွက်လည်း ဘတ်စ်ကားပေါ်နှင့် ယာဉ်ရပ် မှတ်တိုင်များတွင် လမ်းညွှန်ပြသသူတစ်ဦးကို ပေးထားမည်ဖြစ်ကာ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱**



ရဲတံခွန်ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစင်အား တွေ့ရစဉ်။ (ဓာတ်ပုံ-စွမ်းအင်)

# ရဲတံခွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ပို့လွှတ်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၇ -** မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ သဘာဝဓာတ်ငွေ့ထုတ်လုပ်လျက်ရှိသော ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများအနက် တနင်္သာရီကမ်းလွန်ပင်လယ်ပြင်၌ ရဲတံခွန်ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင်မှ သဘာဝဓာတ်ငွေ့များကို ထုတ်လုပ်လျက်ရှိသည့်အပြင် ပို့လွှတ်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ○**



ကော့သောင်းမြို့တွင် လေပြင်းများတိုက်ခတ်မှုကြောင့် လုပ်ငန်းခွင်သို့ မထွက်ခွာနိုင်သည့် ငါးဖမ်းလှေများကို တွေ့ရစဉ်။

# ကော့သောင်းမြို့တွင် အရှေ့လေပြင်းများတိုက်ခတ်

**ကော့သောင်း ဖေဖော်ဝါရီ ၇**

တရုတ်ပြည်မကြီးပေါ်တွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားများရပ်ဝန်းတိုးဝင်လာမှုကြောင့် အင်ဒိုချိုင်းနားကျွန်းဆွယ်တစ်ခုလုံးအပေါ် အရှေ့လေပြင်းများတိုက်ခတ်လာနေပြီး မြန်မာနိုင်ငံတောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဖေဖော်ဝါရီ ၆ ရက် ညဦးပိုင်းမှစတင်ကာ အရှေ့လေပြင်းများ တိုက်ခတ်မှုခံစားနေရပြီဖြစ်သည်။

အဆိုပါအရှေ့လေပြင်းများတိုက်ခတ်မှုကြောင့် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့အတွင်းလေတိုက်နှုန်းမြင့်မားသဖြင့် မြို့ပင်လယ်ကမ်းစပ်သို့ လှိုင်းလုံးကြီးများ ဝင်ရောက်လျက်ရှိပြီး ငါးဖမ်းလှေများလုပ်ငန်းခွင်သို့ ထွက်ခွာနိုင်ခြင်းမရှိဘဲ ဆိပ်ကမ်းများတွင် ဆိုက်ကပ်ထားရကြောင်း၊ ဆိုက်ကပ်ထားသည့် ငါးဖမ်းလှေတချို့ဆိပ်ကမ်းတွင် လှိုင်းဒဏ်ကြောင့် နစ်မြုပ်မှုများဖြစ်ပေါ်လျက်ရှိပြီး မြို့ပေါ်ရပ်ကွက်ရှိ **စာမျက်နှာ ၇ ကော်လံ ၅ သို့ ☐**







themirror.npt@gmail.com
www.facebook.com/themirrordaily